# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၇၂)၊ ၁၃၈၈ ခုနှစ် ၊ နယုန်လဆန်း ၁၄ ရက် ၊ ၂၉-၅-၂၀၂၆၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## ကျောင်းအပ်နှံရေးသီတင်းပတ်

(၂၅-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့ထိ)

"နိုင်ငံ့အနာဂတ်လှပဖို့ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံကြပါစို့"

- ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
- ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်မည်

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ ၏ဖိတ်ကြားချက်အရအိန္ဒိယသမ္မတနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ် သွားရောက်မည်ဖြစ်သည်။

**ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်**

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံသမ္မတနှင့် တွေ့ဆုံခြင်း၊ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများ ကျင်းပခြင်းတို့အပြင် အိန္ဒိယအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်သည်။ ထို့ပြင် အထင်ကရ အခြေခံအဆောက်အအုံ စီမံကိန်းများကိုလည်း လေ့လာသွားမည်ဖြစ်ပြီး ခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ ကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။


သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်



အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ




## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်သည့်အခြေအနေ

နေပြည်တော် မေ ၂၈

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

မိုး/ဓလ

၂၀၂၆ ခုနှစ် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေဝင်ရောက်သည့်ရက်များ ပြပုံ။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၈

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၆ ခုနှစ်၊ မေ ၂၉ ရက်၊ သောကြာနေ့။

# လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများ ထပ်မံတိုးချဲ့ပြေးဆွဲမည်

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများအဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး-ရန်ကုန်ရထားခရီးစဉ်အဖြစ် အမှတ်(၃)အဆန်၊ အမှတ်(၄)အစုန်နှင့် အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများကို ၂၀၂၆ ခုနှစ် မေလအတွင်း စတင်ပြေးဆွဲပေးခဲ့ပြီး ခရီးသည်များ ကြိုက်နှစ်သက်၍ စီးနင်းမှုများသောကြောင့် အမှတ်(၉)အဆန်၊ အမှတ်(၁၀)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား ၂၀၂၆ ခုနှစ် ဇွန်လ ၁ ရက်မှ စတင်ပြေးဆွဲပေးမည်ဖြစ်သည်။ အမှတ်(၉)အဆန် ရထားသည် ရန်ကုန်မှ မန္တလေးသို့ ဝ၈း၃၀ နာရီတွင်ထွက်ခွာ၍ ၁၈း၃၀ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ ရထားခရီးစဉ် ကြာမြင့်ချိန် ၁၀ နာရီ ကြာမည်ဖြစ်သည်။ ထို့ပြင် အမှတ်(၁၀)အစုန်ရထားသည် မန္တလေးမှ ရန်ကုန်သို့ ဝ၈း၃၀ တွင် ထွက်ခွာ၍ ၁၈း၄၀ နာရီတွင် ရောက်ရှိမည်ဖြစ်ရာ ရထားခရီးစဉ်ကြာမြင့်ချိန် ၁၀ နာရီ ၁၀ မိနစ်ကြာမြင့်မည်ဖြစ်သည်။

အထက်ပါ တိုးချဲ့ပြေးဆွဲမည့် အမှတ်(၉)အဆန်၊ အမှတ်(၁၀)အစုန်ရထားသည် ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တစ်လျှောက် တိုးကြောင်ကလေး၊ ပဲခူး၊ ဖြူး၊ တောင်ငူ၊ နေပြည်တော်၊ တပ်ကုန်း၊ ပျော်ဘွယ်၊ သာစည်ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်ပြီး လက်မှတ်ခန့်မှန်းထားမှာ ယခင်အတိုင်း ခရီးစဉ်အစဆုံး အထက်တန်း ၄၈၀၀၀ ကျပ်နှင့် ပထမတန်း ၃၄၀၀၀ ကျပ်တို့ဖြစ်သည်။ ရန်ကုန်-မန္တလေး လမ်းပိုင်းအတွင်း အထက်ဖော်ပြပါ လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများအပြင် လေအေးပေးစက်ပါ အထက်တန်းလူစီးတွဲ နှစ်တွဲပါရှိသော လေအိတ်ရထားဖြစ်သည့် အမှတ်(၁၁)အဆန်၊ အမှတ်(၁၂)အစုန် ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်ရထားများပြေးဆွဲလျက်ရှိပြီး ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်အား လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများဖြစ်သော အမှတ်(၇)အဆန်၊ အမှတ်(၈)အစုန်နှင့် အမှတ်(၃၁)အဆန်၊ အမှတ်(၃၂)အစုန် ရထားများပြေးဆွဲပေးလျက်ရှိသည်။

အဆိုပါရထားများ၏ ထိုင်ခုံလက်မှတ်များအား Online Railways Ticketing and Payment (ORTP)စနစ်တွင် အွန်လိုင်းမှ ကြိုတင်၍ ဝယ်ယူနိုင်မည်ဖြစ်ပြီး ခရီးစဉ်အစအဆုံး ဘူတာများအတွက် (၇)ရက်နှင့် ကြားဘူတာများအတွက် (၅)ရက်ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်သည်။ အလားတူ ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ပဲခူး-ရန်ကုန်-ပဲခူးခရီးစဉ်အဖြစ် လေအေးပေးစက်ပါ ခေတ်မီ DEMU ရထားဖြစ်သည့် အမှတ်(၁၅)အဆန်၊ အမှတ်(၁၆)အစုန်ရထားနှင့် RBE ခရီးတို့ရထားများဖြစ်သော မန္တလေး-သာစည်-မန္တလေးခရီးစဉ်အဖြစ် အမှတ်(သ-၃၀၁)အဆန်၊ (သ-၃၀၂)အစုန်၊ သာစည်- နေပြည်တော်-သာစည်ခရီးစဉ်အဖြစ် အမှတ်(သ-၄၀၁) အဆန်၊ (သ-၄၀၂)အစုန်၊ နေပြည်တော်-တောင်ငူ-နေပြည်တော်ခရီးစဉ်အဖြစ်အမှတ် (သ-၅၀၁)အဆန်၊ (သ-၅၀၂)အစုန်နှင့် တောင်ငူ-ပဲခူး-တောင်ငူခရီးစဉ်အဖြစ် အမှတ်(သ-၆၀၁)အဆန်၊ (သ-၆၀၂) အစုန်ရထားများအား ပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများ ထပ်မံတိုးချဲ့ပြေးဆွဲပေးလျက်ရှိပြီး ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရထားချိန်များအလိုက် တိုးချဲ့ပြေးဆွဲပေးခြင်း၊ လက်ရှိပြေးဆွဲနေသော ရထားတွဲဆိုင်းများတွင် ရထားတွဲများ ထပ်မံချိတ်ဆက်ပြေးဆွဲခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်း ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ယာဉ်အို/ ယာဉ်ဟောင်းများ ပယ်ဖျက်ရေးနှင့် အစားထိုး လျှပ်စစ်သုံးယာဉ်များ တင်သွင်းရေး အသိပေးကြေညာချက်

မော်တော်ယာဉ်များ ထုတ်လုပ်ခဲ့သည့်ခုနှစ် ကြာမြင့်ပြီး အိုမင်းဟောင်းနွမ်းသော မော်တော်ယာဉ်များသည် စက်သုံးဆီ ပိုမိုသုံးစွဲရခြင်းကြောင့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်မှုဖြစ်ခြင်း၊ ယာဉ်များ၏ကြံ့ခိုင်မှုအားနည်းခြင်းသည် ယာဉ်မတော်တဆမှုများဖြစ်ပေါ်ခြင်း၊ ယာဉ်မှပိုမိုထွက်သော မီးခိုးငွေ့များသည် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေခြင်းတို့ကိုဖြစ်ပေါ်စေသောကြောင့် ထုတ်လုပ်သည့်ခုနှစ်မှ သက်တမ်းနှစ် ၂၀ ကျော်လွန်ယာဉ်များ၊ မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရန် ပြင်ဆင်၍မရနိုင်သည့် ယာဉ်များနှင့် ထုတ်လုပ်သည့်ခုနှစ်မှ သက်တမ်း နှစ် ၂၀ မကျော်သော်လည်း မိမိဆန္ဒအရအပ်နှံလိုသည့် ယာဉ်များအား အပ်နှံယာဉ်၏ တန်ဖိုးနှင့်အညီ လျှပ်စစ်သုံးယာဉ် (EV) ယာဉ်များအား အစားထိုးလဲလှယ်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ယာဉ်အို/ယာဉ်ဟောင်း အပ်နှံမှုအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် ဖျက်သိမ်းယာဉ်ထောက်ခံချက်ပုံစံ (ဃ) တင်ပြပါက အပ်နှံသည့် ယာဉ်အမျိုးအစားအလိုက် သင့်လျော်သော လျှပ်စစ်သုံးယာဉ် (EV) တစ်စီးအား အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီက စိစစ်၍ အစားထိုးတင်သွင်းခွင့်ပြုမည်ဖြစ်ပြီး ကျသင့်မည့်နိုင်ငံခြားငွေများကိုလည်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည် ဖြစ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၁။ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဖြစ်ပေါ်နိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံမိုးလေဝသစောင့်ကြည့်လေ့လာရေးဗဟိုဌာန (ASEAN Specialized Meteorological Center – ASMC) မှ ထုတ်ပြန်ချက်များအရ-

(က) ၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့်(၂)မှ အဆင့် (၁) သို့ လျှော့ချသတ်မှတ်ခဲ့ကြောင်း၊

(ခ) လွန်ခဲ့သောရက်များအတွင်း မဲခေါင်ဒေသခွဲတွင် စိုစွတ်သောရာသီဥတု ဖြစ်ပေါ်ခဲ့ပြီး Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု လျော့နည်းခဲ့ကြောင်း၊

(ဂ) လာမည့်လများတွင် မုတ်သုံကြားကာလ အခြေအနေမှ အနောက်တောင်မုတ်သုံ အခြေအနေသို့ ကူးပြောင်းမည်ဖြစ်ပါသောကြောင့် မဲခေါင်ဒေသခွဲ၏ နေရာအနှံ့အပြားတွင် မိုးရွာသွန်းမှုများ ဖြစ်ပေါ်မည်ဟု ခန့်မှန်းရကြောင်း၊

(ဃ) ASMC ၏ စောင့်ကြည့်လေ့လာမှု၊ ဆန်းစစ်မှုနှင့် ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့် (၁) မှ အဆင့် (၀) (ခြောက်သွေ့ရာသီကာလကုန်ဆုံးခြင်း)သို့ ရောက်ရှိကြောင်း။

၂။ ASMC ၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလ ၁၆ ရက်နေ့အထိ Fire Hotspot ဖြစ်ပေါ်မှုသည် ၂၀၂၅ ခုနှစ်ထက် (၁) % ပိုမိုဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် (၁၁) % လျော့နည်းစွာ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**မြန်မာ – ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ**

# မတ္တရာမြို့နယ်၌ မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**မတ္တရာ မေ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အ·ထ·က(မတ္တရာ) အောင်ဆန်းခန်းမတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားကို အ·ထ·က (မတ္တရာ)မှ ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံပညာကိုရည်ဒို့လှမ်းချီ" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်းထွန်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးအောင်အောင်ထွန်းတို့က အသီးသီးအမှာစကား ပြောကြားကြသည်။ ယင်းနောက် မြို့နယ်ပညာရေးမှူး ဒေါ်အိအိခင်က ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်မှ အခမဲ့ထောက်ပံ့သော ထောက်ပံ့ပစ္စည်းများကို တက်ရောက်လာသော တာဝန်ရှိသူများက ပေးအပ်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။ ထို့နောက် နေပုညသဂ်ဟ ပညာရေးထောက်ပံ့အသင်းနှင့် မတ္တရာစာပေချစ်သူအသင်းမှ ဦးအောင်မော်က အလှူငွေကျပ် နှစ်သိန်းကို ပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူသည်။ မတ္တရာမြို့နယ်တွင် မေ ၂၈ ရက်အထိ လာရောက်ကျောင်းအပ်နှံသူ ၁၂၉၈၇ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**(စိုးကျော်သူထွေး)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ Ms. Gwyn Lewis ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၈

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ ကုလသမဂ္ဂ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိပြီး ထိုနှစ်အတွင်း ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ပါကြောင်း၊ မြန်မာ့နိုင်ငံရေးသမိုင်းသည် ၇၈ နှစ်ခန့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကို ခံစားခဲ့ရသည့် နိုင်ငံတစ်ခုဖြစ်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲမသမာမှု ကိစ္စကိုအကြောင်းပြုပြီး မကျေလည်မှုများဖြစ်ခဲ့ကြ၍ ပြည်တွင်း ဆူပူမှုများဖြစ်ခဲ့ပြီး ရဟန်းရှင်လူ ပြည်သူအများအပြား၏ အသက် အိုးအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရ ကြောင်း၊ ထို့ပြင် လွန်ခဲ့သည့် ငါးနှစ်တာ ကာလအတွင်းတွင် လည်း မိုခါမုန်တိုင်း၊ ရာဂီမုန်တိုင်း နှင့် မန္တလေးမြေငလျင်ကြီး ကဲ့သို့သောသဘာဝဘေးအန္တရာယ် များလည်း ပြင်းထန်စွာခံစားခဲ့ရ ကြောင်း၊ ထိုသို့ ခက်ခဲသောကာလ အတွင်းတွင် ၂၀၂၅ ခုနှစ်၌ ရွေးကောက်ပွဲများကို အပိုင်း ၃ ပိုင်းဖြင့် အောင်မြင်စွာ ကျင်းပပေး နိုင်ခဲ့ကြောင်း။

အဆိုပါ ရွေးကောက်ပွဲမှ ပြည်သူလူထု ရွေးချယ်တင် မြှောက်လိုက်သည့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသည့် မဏ္ဍိုင် ကြီးသုံးရပ်ကို တာဝန်ယူဆောင် ရွက်လျက်ရှိကြောင်း၊ မိမိတို့ လွှတ်တော်သည် ဥပဒေပြုရေးကို အဓိက လုပ်ဆောင်ရကြောင်း၊ အစိုးရအနေဖြင့် ရက် ၁၀၀ စီမံကိန်း ချမှတ်ပြီး ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိကြောင်း၊ မိမိတို့ ဥပဒေပြုရေးလုပ်ငန်း၏ အဓိကတာဝန်သည် ဥပဒေအကာ အကွယ်အောက်တွင် ပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင် ရေး၊ တည်ဆဲဥပဒေများကို ခေတ်စနစ်နှင့် လျော်ညီအောင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အသစ်ပြန်လည် ပြဋ္ဌာန်းခြင်းများ ကို ဆောင်ရွက်သွားမည်ဖြစ် ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးမှု များကို စဉ်ဆက်မပြတ် ဆောင် ရွက်လျက်ရှိပါကြောင်း၊ အိမ်နီးချင်း နှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံ တကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်း ဆောင်ရွက်လျက်ရှိ ကြောင်း၊ ထို့ပြင် အွန်လိုင်းလိမ် လည်မှု တိုက်ဖျက်ရေးဥပဒေ မူကြမ်း ရေးဆွဲထားပြီးဖြစ်၍ လာမည့် လွှတ်တော်အစည်း အဝေးများတွင် အွန်လိုင်း လိမ်လည်မှု တိုက်ဖျက်ရေးဥပဒေ မူကြမ်းအား ဥပဒေအဖြစ်ပြဋ္ဌာန်း နိုင်ရေး ဦးစားပေးဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ လွှတ်တော် သည် အစိုးရနှင့်ပေါင်းစပ်ညှိနှိုင်း ပြီး ပြည်သူများ၏ လိုအပ်ချက်များ ကို ဖော်ဆောင်ပေးလျက်ရှိ ကြောင်း၊ မိမိတို့လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူ ကို ကိုယ်စားပြု၍ ပြည်သူတို့၏ အခက်အခဲ၊ ပြည်သူတို့၏ဆန္ဒများ ကို လွှတ်တော်မှတစ်ဆင့် အစိုးရ ထံပေးပို့ရပြီး အစိုးရနှင့် ပြည်သူ ကြား ပေါင်းကူးဆောင်ရွက်ပေး ရကြောင်း၊ အဆွေတော်အနေဖြင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအကူအညီများ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည် ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များ တွင် မိမိတို့နှင့် ပူးပေါင်းဆောင်ရွက် နိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ယာယီညှိနှိုင်းရေးမှူး က ယာယီနေရပ်စွန့်ခွာ ရွှေ့ပြောင်း ရသူများကို လူသားချင်းစာနာမှု ဆိုင်ရာ အကူအညီများဘေးကင်း လုံခြုံစွာဖြင့် အဟန့်အတားမရှိ ပေးဝေနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း၊ သဘာဝဘေးအန္တရာယ် ကြောင့် ပျက်စီးသွားသည့် မြို့ရွာ များ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မူးယစ်ဆေးဝါး များ တားဆီးနှိမ်နင်းရေး၊ ဘိန်း အစားထိုးသီးနှံအဖြစ် ကော်ဖီ စိုက်ပျိုးပေးနိုင်ရေးနှင့် ဈေးကွက် များ ရှာဖွေပေးခြင်းဖြင့် ဒေသ အတွင်းရှိ ပညာရေး၊ ကျန်းမာရေး နှင့် ဒေသဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်**

မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်း လိမ်လည်မှု တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးများ တားဆီး နှိမ်နင်းရေးကို ထိထိရောက် ရောက် ဆောင်ရွက်နေသည်ကို အပြည်ပြည်ဆိုင်ရာက အသိ အမှတ်ပြုကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေး တိုးမြှင့်စေရေး အတတ်နိုင်ဆုံး ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ ထို့ပြင် ယာယီနေရပ် စွန့်ခွာရွှေ့ပြောင်းရသူများကို မိမိ ဒေသ ပြန်လည်နေထိုင်နိုင်ရေး အတွက် မိုင်းရှင်းလင်းရေးလုပ်ငန်း များတွင်လည်း ပူးပေါင်းဆောင် ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ လိုအပ်ချက်များနှင့် ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိ သူများ တက်ရောက်ကြသည်။

သတင်းစဉ်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး




နေပြည်တော် မေ ၂၈

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦးသည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ကုံကော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဗဟိုဘဏ်များအကြား အပြန်အလှန်နားလည်မှုများ ပိုမိုခိုင်မာအားကောင်း လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမို နီးကပ်စွာ ဆောင်ရွက်နိုင်စေရေး၊ ပိုမိုခိုင်မာသော ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ကုန်သွယ် ရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများကို အထောက်အကူပြုနိုင်ရေး၊ နှစ်နိုင်ငံအကြား ကူးသန်း ရောင်းဝယ်ရေးဘဏ်များကို ကူညီထောက်ပံ့ပေး နိုင်ရေးနှင့် နှစ်နိုင်ငံဗဟိုဘဏ် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန်အတွက် သင်တန်း များ ပူးတွဲကျင်းပနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး ရှေ့မှောက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာစန္ဒာဦးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV တို့က အဆိုပါနားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးကာ စာချွန်လွှာများကို အပြန် အလှန်လဲလှယ်ခဲ့ကြသည်။

နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုး ခြင်းဖြင့် နှစ်နိုင်ငံဗဟိုဘဏ်တို့အကြား ငွေကြေးမူဝါဒ များ၊ မေခရိုစီးပွားရေးဆိုင်ရာမူဝါဒများ၊ ဘဏ် လုပ်ငန်းစနစ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ သဘောထားအမြင်များဖလှယ်ရန်၊ ငွေရေးကြေးရေး နှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် သတင်းအချက် အလက်များဖလှယ်ရန်၊ နှစ်နိုင်ငံအကြား ကုန်သွယ် ရေးနှင့် စီးပွားရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မည့် နှစ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးဘဏ်များကို ကူညီထောက်ပံ့ပေးရန်စသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများအား မြှင့်တင်ဆောင်ရွက် သွားနိုင်မည့်အပြင် နှစ်နိုင်ငံဗဟိုဘဏ်များအကြား စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများ ကိုလည်း ပူးတွဲကျင်းပနိုင်မည်ဖြစ်သည့်အတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များလည်း ပိုမို ပြည့်ဝလာစေခြင်းစသည့် အကျိုးကျေးဇူးများ များစွာ ဖြစ်ထွန်းရရှိစေမည်ဖြစ်သည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ခုံရုံးအဆောက်အအုံသစ်တည်ဆောက်မှု ကြည့်ရှုစစ်ဆေး





နေပြည်တော် မေ ၂၈

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နှစ်ထပ်အဆောက်အအုံသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုသို့ကြည့်ရှုစဉ် ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက နှစ်ထပ်အဆောက်အအုံသစ် ဆောက်လုပ်နေမှုနှင့် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ မြေငလျင်ပြင်းအား ၈ မဂ္ဂနီကျူအထိ ခံနိုင်ရည်ရှိစေရန် အရည်အသွေးပြည့်မီစွာဆောင်ရွက်ရေး၊ မိုးရာသီမတိုင်မီ အုတ်မြစ်လုပ်ငန်းများကို အချိန်မီပြီးစီးရေး၊ အဆောက်အအုံတစ်ခုလုံးအနေဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးနှင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ခုံရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရုံးအဆောက်အအုံသစ်တည်ဆောက်နေမှုနှင့် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ကလျာဏဝိဖတ်သိဖွန် ပရတ်ထေ့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေး၊ အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ နယ်စပ်တစ်လျှောက် တရားမဝင်ကုန်သွယ်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း နိုင်ငံဖွံ့ဖြိုးဖို့ လူငယ်များ၏အနာဂတ်ကို မြှင့်တင်စို့ ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း တက်ရောက်



ရန်ကုန် မေ ၂၈

"နိုင်ငံဖွံ့ဖြိုးဖို့ လူငယ်များ၏ အနာဂတ်ကို မြှင့်တင်စို့" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီတွင် သာကေတမြို့နယ် လူငယ်စင်တာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လူငယ်ကိုယ်စားလှယ်များ၊ ကျောင်းသားကျောင်းသူများ၊ လူမှုကူညီ ကယ်ဆယ်ရေးအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူငယ်များအနေဖြင့် ဗလငါးတန် ပညာ့မာန်ဖြင့် နိုင်ငံ၏ အနာဂတ်ပဲ့ကိုင်ရှင်များဖြစ်အောင် ကြိုးစားပြီး ငြိမ်းချမ်းသာယာဖွံ့ဖြိုးသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ထုဆစ်ပုံဖော်ရာတွင် ရှေ့တန်းက တက်ကြွစွာ ပါဝင်နိုင်ကြသူများအဖြစ် စွမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့က လူငယ်စကားဝိုင်း Moderator/ Speaker နှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် လူငယ်အဖွဲ့ခေါင်းဆောင် ငါးဦးတို့က "နိုင်ငံဖွံ့ဖြိုးဖို့ လူငယ်များ၏ အနာဂတ်ကို မြှင့်တင်စို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် လူငယ်မောင်မယ်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း QR Scan ဖြင့် စစ်တမ်းကောက်ယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ECG စက်၊ Diathermy စက်နှင့် အလှူငွေများ လှူဒါန်း

မိတ္ထီလာ မေ ၂၈

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသသော လူနာများအသုံးပြုရန်အတွက် ECG စက်၊ Diatermy စက်နှင့် အလှူငွေများ လှူဒါန်းခြင်းကို ယမန်နေ့က အဆိုပါဆေးရုံကြီးတွင် ကျင်းပသည်။

မိတ္ထီလာမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသသော လူနာများကုသရာတွင် အထောက်အကူပြုစေရန်အတွက် မိတ္ထီလာမြို့၊ ပေါက်ချောင်းရပ်ကွက်နေ ဦးထင်ကျော်+ဒေါက်တာမျိုးပပအောင် အထူးကုဆရာဝန်(ခွဲစိတ်မှန်)မိသားစုက စုစုပေါင်းငွေကျပ် ၉၇ သိန်း တန်ဖိုးရှိ ECG စက်တစ်လုံး၊ Diathermy စက်တစ်လုံးနှင့် အလှူငွေကျပ် ၁၀၃ သိန်းတို့အား လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိနှင့် တာဝန်ရှိသူများက လက်ခံခဲ့ပြီး ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၆၉)

## ကျန်းမာရေးအခမဲ့ စစ်ဆေးကုသ၊ ဆေးပဒေသာပင်လှူဒါန်း

မန္တလေး မေ ၂၈

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာ၊ ၄၇(A)လမ်းနှင့်၁၁၈(B)လမ်း၊ မမ(၂၆)ရှိ တို့လူငယ်ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းကို ယမန်နေ့နံနက် ၆ နာရီခွဲက ဖွင့်လှစ်ပြီး လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ ဒေသမရွေးလူနာများအား အထွေထွေရောဂါ၊ သွားနှင့် ခံတွင်းရောဂါများကို စေတနာဆရာဝန်၊ သူနာပြုဆရာမကြီးများဖြင့် အခမဲ့ကုသပေးလျက်ရှိပြီး လိုအပ်သောလူနာများကို ECG စစ်ဆေးခြင်း၊ ဆီးချိုစစ်ဆေးခြင်း၊သွေးပေါင်ချိန်စစ်ဆေးခြင်းများလည်း အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

တို့လူငယ်ကုသိုလ်ဖြစ် ဆေးခန်းတစ်ပတ်ဖွင့်လျှင် လူနာ ၁၂၀-၁၅၀ဦးခန့် ကုသပေးလျက်ရှိရာ ဆေးခန်းရေရှည်ဆက်လက်ရပ်တည်နိုင်ရေး ဆေးနှင့် ဆေးပစ္စည်းများ(ဆီးချိုကျဆေး)၊ (သွေးကျဆေး)၊ အစာအိမ်ဆေး၊ ပိုးသတ်ဆေး၊ထိုးဆေး၊အားဆေး၊ သွားနှင့် ခံတွင်းရောဂါများတွက် ထုံဆေး၊ အကိုက်အခဲပျောက်ဆေး၊ အနာကျက်ဆေး၊ဝဋ္ဋမ်းနှင့် အသေးစားခွဲစိတ်ကုသမှုအတွက် အရေးပေါ်ဆေးများအား ဖုန်း- ၀၉-၂၅၉၅၁၀၃၉၈နှင့် ၀၉-၂၅၅၀၆၈၅၃၃(Viber) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

တို့လူငယ်ကုသိုလ်ဖြစ် ဆေးခန်းသို့ လိုအပ်သောဆေးပစ္စည်းများ ဝယ်ယူရန် ချမ်းမြသာစည်မြို့နယ်နေ ဦးမြင့်သိန်း (စာရေးဆရာ မောင်ကျေးရေ(မြေအောက်ရေပညာရှင်)မိသားစုက မေလအတွက် ဆေးဝါးများ ဝယ်ယူရန်ငွေကျပ် ငါးသိန်းကို လာရောက်လှူဒါန်းရာ ဆေးခန်းကြီးကြပ်မှုအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၄၅)

၀-၀-၀-၀-၀

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူးသင်တန်းသားများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံ အမှာစကားပြောကြား

နေပြည်တော် မေ ၂၈

တပ်မတော် အနေဖြင့် နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတည်ငြိမ်အေးချမ်းမှုသည် အရေးကြီးသဖြင့် အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည် ထက်မြက်သည့် တပ်မတော် ဖြစ်စေရေးအတွက် တပ်မတော်သား တစ်ဦးချင်းစီ၏ စွမ်းရည် ထက်မြက်စေရေး လေ့ကျင့်သွားရန် လိုအပ်ကြောင်း ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ယနေ့မွန်းလွဲပိုင်းတွင် ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး သင်တန်းသားများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူးသင်တန်းသားများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဗထူးတပ်နယ်ရှိခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး သင်တန်းသားများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တွေ့ဆုံအမှာစကားပြောကြားရာတွင် ရှေ့တန်းစစ်မျက်နှာတွင် အသက်နှင့် ခန္ဓာကို အပ်နှင်း၍ စစ်ဆင်ရေးတာဝန်များကို ရှုပ်ရှုပ်ချွံချွံ ထမ်းဆောင်ခဲ့ပြီး သင်တန်းလာရောက်တက်ကြသည့်သင်တန်းသားများနှင့်တွေ့ဆုံရသည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း။

မိမိတို့နိုင်ငံသည် ပထဝီနိုင်ငံရေးအရ အချက်အချာနေရာ(Geo-political Pivot)တစ်ခုအဖြစ်တည်ရှိနေပြီး နိုင်ငံရေးစနစ် မတူညီသည့် အင်အားကြီးနှစ်နိုင်ငံအကြားတွင် တည်ရှိကြောင်း၊ သမိုင်းကြောင်းအရ ကိုယ့်ထီးကိုယ့်နန်းနှင့် တိုင်းရင်းသားပေါင်းစုံ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်သည်ကို အင်အားကြီး နယ်ချဲ့အင်္ဂလိပ်တို့၏ မတရားကျူးကျော် သိမ်းပိုက်ခံခဲ့ရာမှ ပြည်သူနှင့် မျိုးချစ်တပ်မတော်တို့ ပူးပေါင်းတွန်းလှန်ခဲ့ခြင်းဖြင့် လွတ်လပ်ရေးရခဲ့ကြောင်း၊ သို့သော်လည်း အင်အားကြီး အနောက်နိုင်ငံ၏ မြှောက်ပင့်ပေးမှုဖြင့် ဖြစ်ပေါ်ခဲ့သည့် ပြည်ပကျူးကျော်မှုကိုလည်း တပ်မတော်နှင့် ပြည်သူ လက်တွဲတိုက်ထုတ်ခဲ့ရကြောင်း၊ ထိုသို့ သမိုင်းအစဉ်အလာနှင့် နိုင်ငံ၏ ပထဝီအနေအထားကြောင့် မိမိတို့နိုင်ငံနှင့် သင့်လျော်သည့် ပြည်သူ လူထု လိုလားသော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်နိုင်ရေး အတွက် မဖြစ်မနေလိုအပ်သည့် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးအတွက် တပ်မတော်စွမ်းရည်ပြည့်ဝအောင် မိမိတို့ကိုယ်စီ ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ကြောင့် စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး မိမိတို့ တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာ အသုံးချနိုင်သည့်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများဖြစ်အောင် **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"**ဆိုသည့် ဆောင်ပုဒ်အတိုင်း ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသည့် စစ်အသုံးအဆောင်နှင့် စစ်အတတ်ပညာများကို အသုံးချနိုင်ရန်အတွက် စဉ်ဆက်မပြတ်လေ့လာနေရမည်ဖြစ်ကြောင်း၊ လေ့လာသင်ယူထားသော စစ်ပညာရပ်များကို စစ်မြေပြင်တွင် အကျိုးရှိစွာ အသုံးချနိုင်ရန်လိုအပ်ပြီး တစ်ဦးချင်း၏ တိုက်စွမ်းရည်ကို ဟန်ချက်ညီညီ ပေါင်းစပ်ကာ အဖွဲ့အစည်း၏ တိုက်စွမ်းရည်ကို မြှင့်တင်နိုင်ရန်လိုကြောင်း၊ မိမိတို့သည် တပ်မတော် အရာရှိဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် တပ်မတော် အပေါ် သစ္စာရှိရန်လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံ၏သမိုင်းကြောင်း၊ တပ်မတော်၏ သမိုင်းကြောင်းများကို သိရှိအောင် လေ့လာမှတ်သားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် ခြေလျင်၊ လက်ရုံးခွဲခြားမှုမရှိဘဲ အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်စေရေး လေ့ကျင့် ဆောင်ရွက်နေကြရမည် ဖြစ်ကြောင်း၊ မိမိအတွက် အကျိုးဖြစ်စေမည့် စာပေအသိပညာ ဖတ်ရှုလေ့လာခြင်းများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လေ့လာဖတ်ရှုမှုများကို အမြဲမပြတ် ဆောင်ရွက်နေမည်ဆိုပါက လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပြီး မိမိတို့ ဖတ်မှတ်ထားသည်များကို စစ်မြေပြင်တွင် လက်တွေ့အသုံးချခြင်းနှင့် ဝေမျှခြင်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ လေ့လာဖတ်ရှုခြင်း၊ မှတ်သားခြင်း၊ ဆွေးနွေးခြင်း၊ အသုံးချခြင်းများမှတစ်ဆင့် အသိပညာများ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကိုယ်ကျင့် တရားပိုင်းနှင့် ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ၏ အမြဲလမ်းညွှန် မှာကြားချက်ဖြစ်သည့် သင့်(၄)သင့်ကို လိုက်နာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သင့်(၄)သင့်ဆိုသည်မှာ သွားသင့်သည့်နေရာကို သွားရန်၊ ပြောဆိုသင့်သည့် စကားကိုသာ ပြောဆိုရန်၊ လုပ်သင့်သည့် အလုပ်ကိုသာ လုပ်ရန်နှင့် ပေါင်းသင်းသင့်သည့် သူကိုသာ ပေါင်းသင်းသွားရန်တို့ဖြစ်ကြောင်း။

နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ရပ်နှင့်အညီ ကျင့်ကြံနေထိုင်ပြီး ခေါင်းဆောင်ကောင်းများ ပီသစွာဖြင့် တပ်ကိုကွပ်ကဲဦးဆောင်ကြရန် လိုကြောင်း၊ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်မှုနှင့်ပတ်သက်၍ မိမိလက်အောက်အရာရှိ၊ စစ်သည်များ စည်းကမ်းစနစ်တကျဖြစ်စေရေး ထိန်းသိမ်းရန်လိုအပ်သကဲ့သို့ လက်အောက်ငယ်သားများ အပေါ်တွင်လည်း ကိုယ်ချင်းစာတရားထား၍ စံနမူနာပြ အုပ်ချုပ်ရန်လိုကြောင်း၊ လူတိုင်း(၁)ဖြစ်ခွင့် ရှိသော်လည်း လူတိုင်း(၁) မဖြစ်နိုင်ကြောင်း၊ သို့သော် လုံ့လဝီရိယဖြင့် ကြိုးစားလျှင် အောင်မြင်မည်ဖြစ်၍ ဖွဲ့မလျှော့ဘဲ ကြိုးစားရန်လိုကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက် တာဝန်များကို ဆောင်ရွက်ရာတွင် အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်း၍ ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းဝင်းအတွင်းရှိ သင်တန်းသားအိပ်ဆောင်များအားလိုက်လံကြည့်ရှုစစ်ဆေးပြီး သင်တန်းအဆောင်များအလိုက် စနစ်တကျရှိစေရေး၊ ထိန်းသိမ်းမှုကောင်းမွန်စေရေး၊ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးတို့ကို မှာကြားပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ သုံးထပ်စာသင်ဆောင်၊ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)နှင့် တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းတို့မှ ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီးတို့က လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်တည်ဆောက်ရေး လုပ်ငန်းကြီး(၄)ရပ်တို့အား ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ဗထူးမြို့သည် လေ့ကျင့်ရေးဆိုင်ရာ သင်တန်းကျောင်းကြီးများ အခြေပြုရာ သမိုင်းအစဉ်အလာအရ ထူးခြားသည့် တပ်မြို့ဖြစ်ပြီး အဓိက တာဝန်သည် လေ့ကျင့် သင်ကြားပေးရန်ဖြစ်သည့်အတွက် လေ့ကျင့် သင်ကြားရေးနှင့် ပတ်သက်၍ ပီပီပြင်ပြင် လက်တွေ့ကျကျ လေ့ကျင့်သင်ကြားပေးရန် လိုကြောင်း၊ နည်းပြများအနေဖြင့် စစ်ဘက်ဆိုင်ရာ အသိပညာနှင့် အတတ်ပညာများ သင်ကြားလေ့ကျင့်ပေးရာတွင် စေတနာထား၍ တတ်မြောက်သည်အထိ လေ့ကျင့်ပေးသွားရန်လိုကြောင်း၊ မိမိသိသလို၊ တတ်မြောက်သလို၊ ကျွမ်းကျင်သလို သင်တန်းသားများကိုလည်း တတ်သိကျွမ်းကျင်အောင်သင်ကြားပေးရန်လိုကြောင်း မှာကြားပြီး သိရှိလိုသည်များ မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

**❖ သမိုင်းအစဉ်အလာနှင့် နိုင်ငံ၏ ပထဝီအနေအထားကြောင့် မိမိတို့နိုင်ငံနှင့် သင့်လျော်သည့် ပြည်သူလူထုလိုလားသော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး အတွက် တပ်မတော်စွမ်းရည်ပြည့်ဝအောင် မိမိတို့ကိုယ်စီ ကြိုးစားဆောင်ရွက်**

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြန်မာ-တရုတ် နှစ်နိုင်ငံအကြား မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်းများ(၂၀၂၆)အတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုး

နေပြည်တော် မေ ၂၈

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်းများ(၂၀၂၆)အတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M-Gallery ဟိုတယ်၌ ကျင်းပသည်။

ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ရှေ့မှောက်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့က လက်မှတ်ရေးထိုးကြသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများသည် ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် အရေးပါလှပြီး ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို သိသာထင်ရှားစွာ အထောက်အကူပြုလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်မှ စတင်၍ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၄၆ သန်းကျော်ခန့်တန်ဖိုးရှိ စီမံကိန်း စုစုပေါင်း ၁၄၀ ကို ရရှိခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ စွမ်းအင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စသည့် နယ်ပယ်များကို အထောက်အကူပြုနိုင်မည့် စီမံကိန်း ရှစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မဲခေါင်-လန်ချန်းဒေသတွင်း ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုများကို မြှင့်တင်ရန်အတွက် တရုတ်နိုင်ငံနှင့် လည်းကောင်း၊ အခြားသော မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများနှင့် လည်းကောင်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက အမှာစကားပြောကြားသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၆ ခုနှစ်တွင် ဒေသတွင်း ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် စသော အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံဖြင့် ဖွဲ့စည်းခဲ့သည့် ဒေသခွဲပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ယန္တရားတစ်ရပ်ဖြစ်သည်။

သတင်းစဉ်



# ဒုတိယဝန်ကြီး ဦးကိုကိုကျော် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး H.E. Mr. Uladzimir BARAVIKOU အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး H.E. Mr. Uladzimir BARAVIKOU အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား အပြန်အလှန်ခရီးစဉ်များမှတစ်ဆင့် နှစ်နိုင်ငံထိတွေ့ဆက်ဆံမှုများတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် သဘောတူစာချုပ်များ အကောင်အထည်ဖော်ဆောင်နိုင်ရေး၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ပိုမိုခိုင်မာရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် နေပြည်တော်တွင် ဘယ်လာရုစ်သံရုံး ဖွင့်လှစ်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

# တရုတ်နိုင်ငံ ယူနန်မီဒီယာဂရုနှင့် မြန်မာနိုင်ငံ ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းတို့အကြား မီဒီယာပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် မေ ၂၈

တရုတ်နိုင်ငံ ယူနန်မီဒီယာဂရု (Yunnan Media Group)နှင့် မြန်မာဘာသာဖြင့် လစဉ်ထုတ်ဝေသည့် ဆွေမျိုးပေါက်ဖော် မဂ္ဂဇင်းတို့အကြား သတင်း၊ အကြောင်းအရာ ပံ့ပိုးမှုနှင့် နည်းပညာဆိုင်ရာတို့ကို ပူးပေါင်းဆောင်ရွက်နိုင်ရေး နှစ်ဖက်နားလည်မှု စာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းအတွင်းရှိ Myanmar Sport Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ မြဝတီရုပ်မြင်သံကြားတို့မှ တာဝန်ရှိသူများ၊ Yunnan Media Group ဒုတိယဥက္ကဋ္ဌ Ms. Zhang Ying နှင့် တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်း၊ ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် Yunnan Media Group ဒုတိယဥက္ကဋ္ဌ Ms. Zhang Ying နှင့် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း ထုတ်ဝေသူ မြန်မာ-တရုတ်ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်လေးတို့က တက်ရောက်လာသူများ ရှေ့မှောက်တွင် နှစ်ဖက်နားလည်မှု စာချွန်လွှာ(MoU)ကို လက်မှတ်ရေးထိုးကြသည်။

ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းသည် ၂၀၂၀ ပြည့်နှစ်မှ စတင်ထုတ်ဝေကာ Application တစ်ခုကိုလည်း ဆောင်ရွက်ထားပြီး မြဝတီရုပ်မြင်သံကြားတွင်လည်း "ဆွေမျိုးပေါက်ဖော်မှ ရသအစုံစုံ သုတအဖုံဖုံ" အစီအစဉ်ကိုလည်း ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




# (RBF) စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ဝမ်းတွင်း မေ ၂၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် စနစ်ကျသော မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်း(RBF)စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း (RBF)စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်း (RBF) စီမံကိန်း လွှဲပြောင်းပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဝမ်းတွင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်း(RBF) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အင်းကန်းကုန်းကျေးရွာ (RBF)စီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်ရဲကျော်

မြို့တော်စိမ်းလန်းစိုပြည်
သာယာလှပရေး
ဝိုင်းဝန်းပူးပေါင်း
ဆောင်ရွက်ပေး

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၈**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၂၆) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ်လုပ်ငန်းနှင့် ချေးငွေဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဘယ်လာရုစ်နိုင်ငံ Belinvetbank မှ ကိုယ်စားလှယ်နှင့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများက ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ (Banking Arrangements) ကို လက်မှတ်များရေးထိုးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်

**မန္တလေး မေ ၂၈**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ် ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများ ထောက်ပံ့လျက်ရှိသည်။ ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့် တစ်ပြေးညီ ထောက်ပံ့လျက်ရှိရာ မေ ၂၇ ရက်က မျက်စိအတွင်းတိမ်ကြောင့် ဆေးရုံတက်ရောက် မျက်စိခွဲစိတ်ကုသမှုခံယူခဲ့သောသချာင်္ဌာနမှ ကန်တော့ခံဆရာကြီး ဦးစိန်ဝင်းထံသို့ ကျန်းမာရေးစောင့်ရှောက်မှု ကန်တော့ငွေကျပ် ငါးသိန်းကို ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးပိုမြင့်နှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်၍ ကျန်းမာရေးမေးမြန်း၍ အားပေးစကားများ ပြောကြားခဲ့သည်။



မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်နေ့မှ ၂၀၂၆ ခုနှစ်၊ မေ ၂၇ ရက်အထိ ကျန်းမာရေးမကောင်း၍ ဆေးကုသမှုခံယူသော ကန်တော့ခံဆရာ၊ ဆရာမကြီး ၃၉၆ ဦးအား ငွေကျပ် ၈၅၅ သိန်း ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

(ဓဲပုံ)

(ဝ၄၅)

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် (Abate) ဆေးခပ်ခြင်းများ ကွင်းဆင်းဆောင်ရွက်

**မန္တလေး မေ ၂၈**

မန္တလေး၊ မဟာအောင်မြေ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊သွန်၊လဲ၊စစ် ဆောင်ရွက်ခြင်းနှင့် ပညာပေးခြင်းများကို မေ ၂၇ ရက် နံနက်ပိုင်းက မဟာအရှေ့ရပ်ကွက်နှင့် မဟာအနောက်ရပ်ကွက်များတွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းဖြစ်သည့် ခြင်လောက်လမ်းသေဆေး(Abate) ဆေးခတ်ခြင်းများကို မဟာအောင်မြေမြို့နယ်တွင် စုဖွဲ့၍ တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း**

ဝ-ဝ-ဝ-ဝ

# မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ချောက် မေ ၂၈**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ရက် (၁၀၀)စီမံချက်ဖြင့် ချောက်မြို့ပေါ်ရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ဝင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများတွင် လျှပ်စစ်မီးသွယ်တန်းထားရှိမှုများ စစ်ဆေးခြင်း၊ မီးသတ်ပစ္စည်းကိရိယာများ ကောင်း၊ မကောင်း စစ်ဆေးခြင်းနှင့် မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက် (Fire Safety Certificate) လျှောက်ထားရယူရန် စစ်ဆေးဆောင်ရွက်ခြင်း၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အဆင်သင့်ဖြစ်စေရေး စီမံဆောင်ရွက်ထားရန်၊ ရေရှိရေးစီမံဆောင်ရွက်ထားရန်၊ ဝန်ထမ်းများအား မီးငြိမ်းသတ်ရေးပစ္စည်း ကိရိယာများ လက်တွေ့ကိုင်တွယ်အသုံးပြုတတ်စေရေးအတွက် ဇာတ်တိုက်လေ့ကျင့်ပေးခြင်းများ စီမံဆောင်ရွက်သွားရန်တို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ဝင်းအိမ့်မွန်(မြန်/ဆက်)**



❐ စာမျက်နှာ ၂၄ မှ

Online scam အလုပ်ရုံများမှ ထွက်ပြေးရောက်ရှိလာသည့် မြန်မာနိုင်ငံသား အမျိုးသား ၄၅ ဦးနှင့် အမျိုးသမီး ၃၀ တို့ကို တပ်မတော်လေယာဉ်ဖြင့် ယနေ့မွန်းလွဲပိုင်းတွင် ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ရန်ကုန်မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ မွန်းလွဲ ၁ နာရီကျော်တွင် ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အမိနိုင်ငံသားများ ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲများ ကြုံတွေ့ရပါက မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ထိုသို့ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

# အခြေခံတိုင်းရင်းဆေးပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၂၈**

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (လယ်ဝေးမြို့နယ်)တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံတိုင်းရင်းဆေးပညာပေး သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက လယ်ဝေးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ တိုင်း၊ ခရိုင် အဆင့်ဌာနဆိုင်ရာများ၊ လယ်ဝေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားခဲ့သည်။ လယ်ဝေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ အဖွဲ့ဝင်(၁) ဦးဖြိုးကြည်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားကာ သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်စကား ပြောကြားသည်။ အဆိုပါ အခြေခံတိုင်းရင်းဆေးပညာပေးသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၃၂ ဦး တက်ရောက်လျက်ရှိပြီး မြန်မာ့တိုင်းရင်းဆေးပညာသမိုင်း၊ တိုင်းရင်းဆေးပညာ အခြေခံ သဘောတရားများ၊ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးတွင် ဖြစ်တတ်သောရောဂါငယ်များနှင့် မြန်မာ့တိုင်းရင်းဆေးပညာကဏ္ဍ၊ တိုင်းရင်းဆေးကုဌာနသုံး ဆေးဖုံများအကြောင်း သိကောင်းစရာ၊ မီးဖိုချောင်သုံးဆေးဖက်ဝင်ပစ္စည်းများအသုံးပြုပုံ၊ မိမိပတ်ဝန်းကျင်ရှိ ဆေးဖက်ဝင်အပင်များအသုံးပြုပုံ၊ တိုင်းရင်းဆေးပညာဖြင့် ဆောင်ရန်၊ ရှောင်ရန်၊ သတိပြုရန် နည်းလမ်းများ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ စသည့် ဘာသာရပ်များအား သင်တန်းနည်းပြများက မေ ၂၅ ရက်မှ ၂၇ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမရပူရမြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေး

**မန္တလေး မေ ၂၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမရပူရမြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမရပူရမြို့နယ်၊ ခနုံးကျေးရွာသို့ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမရပူရခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ရပ်ကျေးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တိုင်းဒေသကြီးအတွင်း စိုက်ပျိုးလယ်ယာမြေများ လျော့နည်းမသွားရေး အလေးထားဆောင်ရွက်လျက်ရှိသဖြင့် လယ်ယာမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကာရံခြင်း၊ အဆောက်အအုံများဆောက်လုပ် နေထိုင်ခြင်းများမရှိစေရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျကြပ်မတ်စစ်ဆေးဆောင်ရွက်သွားရန် တို့ကို မှာကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ် ပြင်ဦးလွင်-ထုံးဘိုလမ်း တောင်ဘက်၊ မင်းရွာမြောက်ရှိ မဟာစံပြနွယ် အဆင့်မြင့်ဆန်စက်နှင့် ဆန်ရောင်းဝယ်ရေးလုပ်ငန်းသို့ ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့အား ဆန်စက်တာဝန်ခံက ကုန်ကြမ်းများကို မြန်မာနိုင်ငံ ဒေသအသီးသီးမှထွက်ရှိသည့် ဆန်၊ ဆန်ကွဲများအား တစ်နှစ်လျှင် တန်ချိန် ၃၀၀၀၀ ခန့် ဝယ်ယူကြိတ်ခွဲနေမှု၊ တစ်နေ့လျှင် တန်ချိန် ၂၀၀ ခန့် ထုတ်လုပ်နိုင်မှု၊ တစ်နှစ်လျှင် ဆန်၊ ဆန်ကွဲ စုစုပေါင်း တန်ချိန် ၂၅၀၀၀ ကျော် ထုတ်လုပ်နိုင်မှု၊ ပြည်ပသို့ အရည်အသွေးပြည့်မီသောဆန်များ နှစ်စဉ်တင်ပို့နေမှုနှင့် မြန်မာ့လယ်ယာဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်း လည်ပတ်နေမှုများ အခက်အခဲမရှိစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ဆန်ထုတ်လုပ်မှု နည်းစဉ်အဆင့်ဆင့်ကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**







# ကျောက်ဆည်မြို့နယ် ရန်ပုံနှစ်ကျေးရွာတွင် ကန်စွန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ပြည်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ယာမြေနှင့် ကိုင်းကျွန်းမြေများတွင် နေ့စဉ်ဝင်ငွေရရှိသော ဆူးပုပ်၊ ချဉ်ပေါင်၊ ကြက်သွန်မိတ်၊ ပင်စိမ်း၊ ဆလတ်၊ ဘူး၊ ငရုတ်၊ ကြက်ဟင်းခါး၊ တိုင်ထောင်ပဲတောင့်ရှည်၊ ခရမ်း စသည့် ကုန်စိမ်းသီးနှံများဖြစ်သော ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးရောင်းချလျက်ရှိရာ ရန်ပုံနှစ်ကျေးရွာ၌ စိုက်ပျိုးထားသော ကန်စွန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ကန်စွန်းစိုက်ပျိုးသောတောင်သူများအနေဖြင့် ဈေးကွက်အနေအထားအပေါ်မူတည်၍ ကန်စွန်းအပင်ကျဲ စိုက်ပျိုးခြင်းနှင့် ကန်စွန်းအစိပ်စိုက်ပျိုးခြင်းဟူ၍ နှစ်မျိုးစိုက်ပျိုးကြကြောင်း၊ ကန်စွန်းအပင်ကျဲ တစ်ဧက စိုက်ပျိုးမည်ဆိုပါက မျိုးစေ့အထုပ် ၂၀ အသုံးပြုရပြီး ကန်စွန်းအစိပ်စိုက်ပျိုးမည်ဆိုပါက မျိုးစေ့အထုပ် ၄၀ အသုံးပြုရကြောင်း၊ ကန်စွန်းစိုက်ပျိုးရာတွင် မြေပေါင်များပြုလုပ်ကာ တစ်ပင်နှင့်တစ်ပင် ငါးလက်မခန့် ခြားပြီး အတန်းလိုက်စိုက်ပျိုးရကြောင်း၊ မြေခံအဖြစ် သဘာဝမြေသြဇာနွားချေးများ ထည့်သွင်းကာ မြေပြင်ပြီး အစိုဓာတ်အမြဲရရှိစေရန်ရေသွင်းပေးပါက အပင်များပိုမိုဖြစ်ထွန်းကြောင်း ကျီးပြကျေးရွာမှ ကန်စွန်းစိုက်တောင်သူ ဦးမြင့်မောင်က ပြောသည်။

ကန်စွန်းပင်များသည် စိုက်ပျိုးပြီး ရက်ပေါင်း(၄၀)ကျော်တွင် စတင်ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ ရောင်းချရာတွင် ကန်စွန်းအညွန့်သန်မာမှုအပေါ်မူတည်ပြီး အညွန့် ငါးညွန့်မှ ရှစ်ညွန့်အထိ အစည်းများစည်းပြီး ရောင်းချရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ကန်စွန်းတစ်ဧကတွင် မြေအမျိုးအစားအပေါ်မူတည်၍ ငွေကျပ် တစ်သိန်းခွဲမှ ငွေကျပ်နှစ်သိန်း ကုန်ကျစရိတ်ရှိကြောင်း ကန်စွန်းပင်များသည် နေ့စဉ် ခူးဆွတ်ရောင်းချရသဖြင့် တောင်သူများအနေဖြင့် စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)(၄၈၅)**




- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။


# Capacitor Bank တပ်ဆင်ခြင်းလုပ်ငန်းအကြောင်း ဆင့်ပွားဆွေးနွေးပွဲ ကျင်းပ

**မိတ္ထီလာ မေ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ Capacitor Bank တပ်ဆင်ခြင်းလုပ်ငန်း အကြောင်း ဆင့်ပွားဆွေးနွေးပွဲကို မေ ၂၇ ရက်က မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတွင် ကျင်းပခဲ့သည်။

Capacitor Bank တပ်ဆင်ခြင်းလုပ်ငန်းအကြောင်း ဆင့်ပွားဆွေးနွေးပွဲကို မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)မှ ဦးယဉ်ထွန်းလွင်၊ အထွေထွေမန်နေဂျာ(စီမံရေး) ဦးသန်းဇော်မျိုးတို့က Capacitor Bank တပ်ဆင်ခြင်းနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ၎င်းနောက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်)တွင် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သည့် မိတ္ထီလာခရိုင်အတွင်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှစ်ဦးက Capacitor Bank တပ်ဆင်ခြင်းနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ Capacitor Bank တပ်ဆင်ခြင်းလုပ်ငန်းအကြောင်း ဆင့်ပွားဆွေးနွေးပွဲကို မိတ္ထီလာခရိုင်လျှပ်စစ်မန်နေဂျာ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ၊ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ အငယ်တန်းအင်ဂျင်နီယာ(၂)များနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(၄၆၉)**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည် မြို့နယ်အတွင်း မီးဘေးအန္တရာယ် ကင်းရှင်းရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက် နံနက်ပိုင်းက တည်းခိုခန်းများအား ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။



ထိုသို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များမှ လျှပ်စစ်အသုံးပြုမှုများ စစ်ဆေးခြင်း၊ အရေးပေါ်ရေပက်ပိုက်လိုင်များ ကောင်းမွန်မှု ရှိ၊ မရှိစစ်ဆေးခြင်း၊ တပ်ဆင်ထားသော မီးသတ်ပစ္စည်းများအား စစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**စုစုအေး(ကျောက်ဆည်)**



## လူနေအိမ်များ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများအား မီးဘေးလုံခြုံရေးစစ်ဆေး

**မန္တလေး မေ ၂၈**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် မီးလောင် မီးလန့်မှုများ မဖြစ်ပွား မပေါ်ပေါက်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ သနွေမီးသတ်တပ်ဖွဲ့ဝင်ရှစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ပူးပေါင်းကာ (ခ)ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများအား ယမန်နေ့ နံနက်ပိုင်းက စတင်၍ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။

ထိုမီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်ရာတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိစေရေး၊ တပ်ဆင်ထားသော မီးငြိမ်းသတ်ရေးစနစ်များအား စစ်ဆေးအကြံပေးခြင်းနှင့် မီးသတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)

**ဇင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှူခင်းသတင်းများ

## မော်တော်ယာဉ် ဘီးပေါက်ပြီး ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသမီးနှစ်ဦး သေဆုံးကာ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**တံတားဦး မေ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်တွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ မော်တော်ယာဉ် ဘီးပေါက်ပြီး ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသမီးနှစ်ဦး သေဆုံးကာ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၅ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး၊တံတားဦး မြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃၃၃ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြား၌ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ စကားအင်း အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်မြို့မှ မန္တလေးမြို့ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်နေ ဟူစိန်အာမတ် (၅၅)နှစ်ဆိုသူ မောင်းနှင်ပြီး ဇနီးဖြစ်သူ ဒေါ်သူဇာဝင်း(၄၀)နှစ်၊ သားဖြစ်သူ မောင်မျိုးမင်းသူ သုံးနှစ်၊ သမီးဖြစ်သူ မဇူးဇူးဝင်း ကိုးနှစ်နှင့် ယောက္ခမဖြစ်သူ ဒေါ်ဇူးလေးခါ(၆၄)နှစ်ဆိုသူတို့ လိုက်ပါလာသည့် KLUGERအမျိုးအစား မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ ဝဲဘက်ရှေ့ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် ဒေါ်ဇူးလေးခါနှင့် ဒေါ်သူဇာဝင်း ဆိုသူတို့နှစ်ဦးမှာ ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး ဟူစိန်အာမတ်၊ မောင်မျိုးမင်းသူနှင့် မဇူးဇူးဝင်းဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ဟူစိန်အာမတ်ဆိုသူအား စကားအင်းအမြန်လမ်းမကြီးရဲစခန်းမှ ရာဇသတ်ကြီးပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မိုးရွာသွန်းမှုကြောင့် သစ်ပင်လဲကျပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ပခုက္ကူ မေ ၂၈**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အမှတ်(၁၀) ရပ်ကွက်၌ မေ ၂၆ ရက် နံနက် ၆ နာရီ မိနစ် ၂၀ ခန့်က မိုးရွာသွန်းမှုကြောင့် လုံးပတ် ၆ ပေ၊ အမြင့် ပေ ၄၀ ခန့်ရှိ မန်ကျည်းပင်သည် မြေပျော့၍ အမြစ်လန် လဲကျပြီး လမ်းပိတ်ဆို့နေကြောင်း သတင်းရရှိသဖြင့် ပခုက္ကူမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၈ နာရီခွဲတွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ပစ္စည်းဆုံးရှုံးမှု မရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်

**ပုံပါကျင် မေ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပုံပါကျင်မြို့ မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်နှင့် အခြားသော မတော်တဆမှုများနှင့်ပတ်သက်သည့် လုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပြီး ရက်(၁၀၀)စီမံချက်ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မီးသတ်ဦးစီးဌာန၊ မြို့နယ်ခွဲစည်းပင်သာယာရေးဦးစီးဌာနအဖွဲ့တို့ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုကို ယမန်နေ့ နံနက် ၁၁ နာရီက နားကောင်းမူးဈေး၌ ပြုလုပ်ခဲ့သည်။

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုင်းမင်းမင်းထွေးက မီးလောင်မှုဖြစ်ပွားလာပါက စတင်ဆောင်ရွက်ရမည့်အချက်များ၊ မီးလောင်မှုဖြစ်ပေါ်စေသည့် အကြောင်းအရင်းများကို ရှင်းလင်းပြောကြားပြီး မီးလောင်မှုဖြစ်ပွားလာပါက မီးငြိမ်းသတ်ပုံနှင့် ကယ်ဆယ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့အသုံးပြု သရုပ်ပြခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

* - * - * - * - *

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၃၆ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြား၌ မော်တော်ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**အုတ်တွင်း မေ ၂၈**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်တွင် မေ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၃၆ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြား၌ ရန်ကုန်မြို့မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ဦးစိုးမြင့်အောင်(၄၉)နှစ်ဆိုသူ မောင်းနှင်လာသော TOYOTA WISHအမျိုးအစား မော်တော်ယာဉ်သည် မိုးရွာသွန်းမှုကြောင့် မောင်းနှင်နေစဉ် အရှိန်လွန်ကာ လမ်းမကြီးဘေးရှိ ယူကလစ်ပင်အား ဝင်ရောက်တိုက်မိမှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဇောဂီကုန်း အမြန်လမ်းမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မီးသတ်ယာဉ်တစ်စီးဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီခွဲတွင် ပြီးစီးခဲ့သည်။ (ယာပုံ)

အဆိုပါယာဉ်တိုက်မှုကြောင့် မော်တော်ယာဉ်၏ ရှေ့လေကာမှန်ကွဲ၊ ဦးခေါင်းပိုင်း ပိန်ချိုင့်၊ ရှေ့ယာဘက်ဘီး ပြုတ်ထွက်၊ ရှေ့နောက် ဝဲ၊ ယာတံခါးများ ပိန်ချိုင့် ပျက်စီးခဲ့ကြောင်း၊ ယာဉ်ပေါ်ပါ ယာဉ်မောင်းအပါအဝင် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာ(စိုးရိမ်ရ)နှင့် အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ)တို့အား တောင်ငူမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ဦးစိုးမြင့်အောင်ဆိုသူအား ဇောဂီကုန်း အမြန်လမ်းမရဲစခန်းမှ ရာဇသတ်ကြီးဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် လေးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် မေ ၂၈

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချ လုပ်ကိုင်ခဲ့ကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်း၍ လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင် အဆောက်အအုံများကို အသုံးပြု၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်း မပြုနိုင်စေရေးတို့အတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်လူနေအဆောက်အအုံ သုံးလုံးအား ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအနက်ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး၂၀ တို့ကိုအဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်၍ စနစ်တကျဖြိုချ ဖျက်ဆီးခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် လေးထပ်လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်ယန္တရားများ အသုံးပြု၍ စနစ်တကျထပ်မံ ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်းအဆောက်အအုံ ၁၂ လုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၆၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသ၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော အဆောက်အအုံများကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

# မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၈

မြန်မာနိုင်ငံ အစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နယ်မြေဒေသအသီးသီး၌ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ရှာဖွေစစ်ဆေးဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများနှင့် မြန်မာနိုင်ငံသား ၂၈ ဦးအား လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။




ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သူများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့် နေရာပြပုံ။

လုံခြုံရေး ပူးပေါင်းအဖွဲ့များက မူဆယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေကြောင်း သတင်းအရ ယနေ့မွန်းလွဲ ၃ နာရီခွဲ ခန့်တွင် မူဆယ်မြို့ စွမ်စော်ရပ်ကွက် နေအိမ်တစ်လုံးအား ဝင်ရောက်ရှာဖွေစစ်ဆေးရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား သုံးဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး ၂၁ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ ၉၆ လုံး၊ All In One ကွန်ပျူတာ ၃၅လုံး၊ Laptop တစ်လုံး၊ Power Station (အကြီး) တစ်လုံး၊ Power Station (အသေး) တစ်လုံး ၊ WiFi စက်သုံးလုံး၊ ဘတ္တရီဆိုင်ကယ် ငါးစီးတို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။



မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သည့် လုပ်ငန်းနေရာအား တွေ့ရစဉ်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများနှင့် ပြစ်မှုကျူးလွန်သူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သည့် မြန်မာနိုင်ငံသား အမျိုးသား သုံးဦးနှင့် အမျိုးသမီး ၂၀ တို့အား ဖမ်းဆီးရမိစဉ်။



မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစား မှုလုပ်ကိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦးတို့အား ဖမ်းဆီးရမိစဉ်။



မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစား မှုလုပ်ကိုင်သည့် နေရာမှ သိမ်းဆည်းရရှိသည့် လုပ်ငန်းသုံးဆက်စပ် ပစ္စည်းများကို တွေ့ရစဉ်။



# နိုင်ငံတကာ အားကစား သတင်းများ

## အင်္ဂလန်တစ်နှစ်တာအကောင်းဆုံး မန်နေဂျာဆုကို ဖရန့်လမ်းပတ် ရရှိ

**လန်ဒန် မေ ၂၈**

လိဂ်မန်နေဂျာများ အဖွဲ့အစည်း(LMA)မှ ချီးမြှင့်သည့် အင်္ဂလန် တစ်နှစ်တာ အကောင်းဆုံး မန်နေဂျာဆုကို ကိုဗင်ထရီအသင်းနည်းပြ ဖရန့်လမ်းပတ်က ရရှိခဲ့သည်။

အဆိုပါ နည်းပြသည် ကိုဗင်ထရီအသင်းကို ပရီးမီးယားလိဂ်သို့ တန်းတက်နိုင်အောင် အကောင်းဆုံး စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ရရှိခဲ့ခြင်းဖြစ်သည်။




နည်းပြ ဖရန့်လမ်းပတ်သည် ကိုဗင်ထရီအသင်းကို ၂၀၂၄ခုနှစ် နိုဝင်ဘာ ၂၈ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၈၂ ပွဲတွင် ၄၅ ပွဲ နိုင်၊ ၁၇ပွဲ သရေ၊ ပွဲ ၂၀ ရှုံးရလဒ် ပိုင်ဆိုင်ခဲ့သည်။

အသက်(၄၇)နှစ်အရွယ်ရှိ နည်းပြ ဖရန့်လမ်းပတ်က "ကျွန်တော် အခုလို အင်္ဂလန်တစ်နှစ်တာ အကောင်းဆုံး မန်နေဂျာဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ)

(NGB)




## ကွန်းဖရန့်လိဂ် ချန်ပီယံဆုကို ခရစ္စတယ်ပဲလေ့စ်အသင်းဆွတ်ခူး

**လန်ဒန် မေ ၂၈**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကွန်းဖရန့်လိဂ် ချန်ပီယံဆုကို ခရစ္စတယ်ပဲလေ့စ်အသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကွန်းဖရန့်လိဂ် ဗိုလ်လုပွဲစဉ်တွင် ဗယ်လက်ကာနိုအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ကလပ်သမိုင်းတစ်လျှောက် ပထမဆုံး ဥရောပဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။


ခရစ္စတယ်ပဲလေ့စ်အသင်း၏ ထုတ်ပြန်ချက်တွင် "၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကွန်းဖရန့်လိဂ် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းချန်ပီယံဆုရရှိအောင် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ) (NGB)

## ကာတစ်ဂျုံးစ်ကို ခေါ်ယူရန် အင်တာမီလန်အသင်း စီစဉ်

**လန်ဒန် မေ ၂၈**

အင်တာမီလန်အသင်းသည် လီဗာပူးအသင်းကွင်းလယ်ကစားသမား ကာတစ်ဂျုံးစ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။



အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၂၈ပွဲကစားကာ ၂၂ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်တာမီလန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

လီဗာပူးအသင်းကလည်း ကာတစ်ဂျုံးစ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အင်တာမီလန်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် လီဗာပူးအသင်းထံမှ ကာတစ်ဂျုံးစ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## ပူတယ်လာစ် ဘာစီလိုနာအမျိုးသမီးမှ ထွက်ခွာ



**ဘာစီလိုနာ မေ ၂၈**

ဘာစီလိုနာအမျိုးသမီးအသင်းဝါရင့် ကွင်းလယ်ကစား ပူတယ်လာစ်သည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကုန်ဆုံးပြီးနောက် အသင်းမှ ထွက်ခွာခဲ့ပြီဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ပူတယ်လာစ်သည် ဘာစီလိုနာအမျိုးသမီးအသင်းနှင့်အတူ ၂၀၁၂-၂၀၁၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၀၇ ပွဲကစားပြီး ၂၃၂ ဂိုး သွင်းယူကာ ဆုဖလား ပေါင်းများစွာလည်း ရယူနိုင်ခဲ့သည်။

ထို့ကြောင့် ဘာစီလိုနာအမျိုးသမီးအသင်း ကွင်းလယ်ကစားသမား ပူတယ်လာစ်အနေဖြင့် မည်သည့်အသင်းသို့ ပြောင်းရွှေ့ကစားသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ) (NGB)

## ဒိုမီနစ်ပက်ချ်ကို ယန်းဘွိုင်းအသင်း အပြီးသတ်ခေါ်ယူ

**လန်ဒန် မေ ၂၈**

ယန်းဘွိုင်းအသင်းသည် ဆလာဗီးယားပရက်စ်အသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် ကွင်းလယ်ကစားသမား ဒိုမီနစ်ပက်ချ်ကို အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ယန်းဘွိုင်းအသင်းနှင့်အတူ ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ဒိုမီနစ်ပက်ချ်သည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ဆလာဗီးယားပရက်စ်အသင်းမှ ယန်းဘွိုင်းအသင်းသည် အငှားဖြင့် လာရောက်ကစားပြီး ပြိုင်ပွဲစုံ ၃၇ ပွဲကစားကာ နှစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယန်းဘွိုင်းအသင်းက အပြီးသတ်ခေါ်ယူခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ ဒိုမီနစ်ပက်ချ်က "ကျွန်တော် ယန်းဘွိုင်းအသင်းသို့ အပြီးသတ်ပြောင်းရွှေ့ခွင့်ရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့ အောင်မြင်မှုများစွာလည်း ရယူသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ)

(NGB)




## ကာဘရီရာ အက်စ်ပန်ညိုအသင်းနှင့်သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် မေ ၂၈**

အက်စ်ပန်ညိုအသင်းသည် အသင်းနောက်ခံကစားသမား ကာဘရီရာကို ၂၀၂၇ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်းအတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် အက်စ်ပန်ညိုအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၉ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ကာဘရီရာက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်မိသားစုကလည်း ဒီမှာ ပျော်ရွှင်နေပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(အောက်ပုံ) (NGB)




### ဘောလုံးသတင်းအတိုအထွာများ

* မန်စီးတီးအသင်းနှင့် ဂျူဗင်တပ်အသင်းတို့သည် ဘိုင်ယန်မြူးနစ်အသင်း ဝါရင့်ဂိုးသမား နျူအာကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* မန်ယူအသင်းသည် အတ္တလန်တာအသင်း ကွင်းလယ်ကစားသမား အီဒါဆန်ကို ခေါ်ယူရန် နီးစပ်နေပြီဖြစ်သည်။ (NGB)

## ကက်စ်ပါရှမိုက်ကယ် ဘောလုံးကစားသမားဘဝမှ အနားယူ

**လန်ဒန် မေ ၂၈**

ဆဲလ်တစ်အသင်းနှင့် ဒိန်းမတ်လက်ရွေးစင်အသင်းဂိုးသမား ကက်စ်ပါရှမိုက်ကယ် ဘောလုံးကစားသမားဘဝမှ အနားယူကြောင်း အတည်ပြုကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ဆဲလ်တစ်၊ လက်စတာစီးတီး၊ နိစ်၊ လိဒ်စ်၊ ကိုဗင်ထရီ စသည့်ကလပ်အသင်းများအပြင်၊ အခြားကလပ်အသင်းများစွာတွင် ကစားပြီး အောင်မြင်မှုများစွာလည်း ရယူနိုင်ခဲ့သလို၊ နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ဒိန်းမတ်လက်ရွေးစင်အသင်းနှင့်လည်း ၂၀၁၃မှ ၂၀၂၅ခုနှစ်အထိ ပြိုင်ပွဲ ပွဲ ၁၂၀ထိ ကစားခဲ့သည်။ (ယာပုံ)

အသက်(၃၉)နှစ်အရွယ်ရှိ ကက်စ်ပါရှမိုက်ကယ်က "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးတစ်ယောက်ချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ (NGB)



## နည်းပြ နူနိုဆန်တို ဝက်စ်ဟမ်းအသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် မေ ၂၈**

နည်းပြ နူနိုဆန်တိုကို ထုတ်ပယ်မည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ဝက်စ်ဟမ်းအသင်းက အတည်ပြု ကြေညာခဲ့သည်။

ဝက်စ်ဟမ်းအသင်းသည် ပရီးမီးယားလိဂ်မှ တန်းဆင်းခဲ့ရပြီးနောက် နည်းပြ နူနိုဆန်တိုကို ရာထူးမှ ထုတ်ပယ်မည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးနောက် ရှေ့ဆက်လက်တွဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ နူနိုဆန်တိုသည် ဝက်စ်ဟမ်းအသင်းကို ၂၀၂၅ခုနှစ် စက်တင်ဘာ ၂၇ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၃၇ပွဲတွင် ၁၁ပွဲနိုင်၊ ၁၁ပွဲသရေ၊ ၁၅ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဝက်စ်ဟမ်းအသင်းထုတ်ပြန်ချက်တွင် "နည်းပြ နူနိုဆန်တို အသင်းမှာ ဆက်ရှိသွားမှာပါ။ သူ့အနေနဲ့ အသင်းကို လာမည့်ဘောလုံးရာသီမှာ ပရီးမီးယားလိဂ်သို့ ပြန်လည်တန်းတက်နိုင်အောင်စွမ်းဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။ (အောက်ပုံ) (NGB)



### နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၂၉-၅-၂၀၂၆<br>ည ၁၀း၃၀ နာရီ | အန်ဒိုရာ - အီရတ် |
| ။ | တောင်အာဖရိက - နီကာရာဂွါ |

# ပိုက်ဆန်လျှော်မျိုးစေ့ထုတ် စိုက်ခင်းစိုက်ပျိုးပြသခြင်း ကွင်းသရုပ်ပြ

**တောင်တွင်းကြီး မေ ၂၈**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၊ အမှတ်(၇၁) စက်မှုလယ်ယာစခန်းနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ Reversible Mouldboard Plough ဖြင့် မြေပြုပြင်ပြီး ပိုက်ဆန်လျှော်မျိုးစေ့ထုတ် စိုက်ခင်းစိုက်ပျိုးခြင်းသရုပ်ပြပွဲကို မေ ၂၇ ရက် နံနက်ပိုင်းက ဝက္ကသေးကျေးရွာ၊ ကွင်းအမှတ်(၂၆၀၀)၊ တောင်သူ ဦးသန်းလွင်၏ ယာမြေ သုံးဧကခွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတိုးမြင့်ပိုင်က Reversible Mouldboard Plough(အထက်အောက် အပြန်အလှန် ထယ်ထိုး၍ရသော သိပ္ပံထယ်)ကို အသုံးပြုခြင်းဖြင့် မြေအမျိုးအစား အများစုအတွက် အသင့်တော်ဆုံးဖြစ်ပြီး မြေကိုလှန်နိုင်သောကြောင့် ရေဝပ်သော လယ်မြေများအတွက် သင့်တော်မည်ဖြစ်ကြောင်း၊သိပ္ပံထယ်သည် အပေါ်ယံမြေလွှာနှင့် မျက်နှာပြင်ရှိ အော်ဂဲနစ်ဓာတ်ပေါင်းများကို မြေအောက်သို့ နက်နက်ရှိုင်းရှိုင်း လှန်ချပေးခြင်းကို အဓိကလုပ်ကိုင်ပြီး အပေါ်ယံမြေဆီလွှာ (Topsoil)ကို အောက်သို့ ပြောင်းပြန်လှန်ချပေးမည်ဖြစ်ကြောင်း၊ မြေဆီလွှာကို ပွစေကာ လေဝင်လေထွက် ကောင်းမွန်ခြင်း၊ နောက်ရာသီအထိ ပေါင်းမြက်များ ကြီးထွားခြင်းကို တားဆီးပေးခြင်း၊ မြေစာခဲများအပေါ်မှ လှန်ချလိုက်သည့်အတွက် သဘာဝမြေသြဇာ(Green manure)၊ သီးနှံအကြွင်းအကျန်နှင့် အော်ဂဲနစ်ပစ္စည်းများ မြေနှင့်ရောနှော၍ ဆွေးမြေ့ပြီး၊ မြေဆွေး (humus)အဖြစ်သို့ လျှင်မြန်စွာ ရောက်ရှိစေလျက် အော်ဂဲနစ်ပစ္စည်းများ လုံးဝမြုပ်သွားပြီး ဆွေးမြေ့မှု ပိုမိုမြန်ဆန်စေခြင်း၊ သီးနှံအကြွင်းအကျန်များကို မြေမြှုပ်စေပြီး စိုက်ကွင်း၏ နိုက်ထရိုဂျင်ဆုံးရှုံးမှု လျော့ကျစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ Reversible Mouldboard Plough ဖြင့် ကွင်းသရုပ်ပြသခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ပိုက်ဆန်လျှော်မျိုးစေ့ထုတ် စိုက်ခင်းပက်ကြဲခြင်း ကွင်းသရုပ်ပြသခဲ့သည်။ **(အောက်ဝဲပုံ)**



အဆိုပါ ကွင်းသရုပ်ပြပွဲကို တောင်တွင်းကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မျိုးအေးနှင့်ဝန်ထမ်းများ၊ ဝက္ကသေးကျေးရွာမှ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိုသနီးမြေ)**



# တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်

**မြင်းခြံ မေ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်ကြားပို့ချသည့် တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြင်းခြံတက္ကသိုလ် ဘက်စုံသုံးခန်းမတွင် ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် မြင်းခြံတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီးတို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် မြင်းခြံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းမြင့်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် ဆီးယို၊ သင်္ဘောသီးယို၊ သရက်သီးချို၊ စပ်ယို၊ ခရမ်းချဉ်သီးယို၊ ကျောက်ဖရုံယို၊ အာလူးကြော်၊ စာကလေးခွေကြော်၊ ဆန္ဒင်းမကင်းပြုလုပ်နည်း၊ ဆီးသီးအနှစ်ရည်၊သံပရာသီးအနှစ်ရည်ပြုလုပ်နည်းစသည့် ပြုလုပ်နည်းများအပြင် စားသောက်ကုန်လုပ်ငန်းသုံးဓာတုပစ္စည်းများအကြောင်းကိုလည်း ရှင်းပြပေးသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းကို သင်တန်းသား၊သင်တန်းသူ ၂၀ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး ခုနစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**
**(၃၆၆)**

# မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကလေးပျော်စင်တာဖွင့်လှစ်

**စစ်ကိုင်း မေ ၂၈**

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကလေးများအတွက် ကလေးပျော်စင်တာဖွင့်လှစ်ခြင်း၊ကလေးမိဘ၊ အုပ်ထိန်းသူများနှင့် ရပ်ရွာလူထုအတွက် စိတ်ပိုင်း၊ လူမှုပိုင်းဆိုင်ရာ အားပေးကူညီမှု အသိပညာပေးဆွေးနွေးခြင်းလုပ်ငန်းများကို စစ်ကိုင်းမြို့နယ်၊မင်းကွန်းဒေသတွင် မေ ၂၅ရက်က ပြုလုပ်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒေသအတွင်းရှိ ကလေးများ စိတ်ပျော်ရွှင်ပြီး ဘေးကင်းလုံခြုံစွာဖြင့် ကစားနိုင်ရန်၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုရရှိစေရန်နှင့် ရပ်ရွာလူထုနေစဉ် ဘဝတွင် ကြုံတွေ့ရသည့်စိတ်ဖိစီးမှုများ လျှော့ချနိုင်ရေး၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိစေရေးတို့အတွက် ပျော်ရွှင်စရာကစားနည်းများ၊ စိတ်အပန်းဖြေစရာ လှုပ်ရှားမှုများနှင့်အတူ ရင်းနှီးပွင့်လင်းစွာ မျှဝေဆွေးနွေးကြသည်။



မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ငလျင်ကြောင့် ထိခိုက်ခံစားရသောပြည်သူများနှင့် ကလေးငယ်များ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကလေးပျော်စင်တာနှင့် လူထုအခြေပြု စိတ်ပိုင်း၊ လူမှုပိုင်းဆိုင်ရာ အားပေးကူညီမှုလုပ်ငန်းများကို လစဉ်ရပ်ကွက်နှင့် ကျေးရွာများတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)**
**(ဝ၄၅)**



# ချမ်းမြသာစည်မြို့နယ်စာရေးဆရာအသင်း လပတ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး မေ ၂၈**

ချမ်းမြသာစည်မြို့နယ်စာရေးဆရာအသင်း လပတ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မေ ၂၆ ရက် နံနက် ၁၁ နာရီက မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၂လမ်းနှင့် ၁၂၃လမ်းထောင့်ရှိ ရှဲဒိုးကဖေးတွင် ကျင်းပခဲ့ရာ ချမ်းမြသာစည်မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမောင်မောင်(မင်းဇော်လှ)၊ အတွင်းရေးမှူး ဦးသိန်းကျော်(လွတ်လပ်ငြိမ်း)နှင့် မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဥက္ကဋ္ဌ ဦးမောင်မောင်(မင်းဇော်လှ)မှ စာရေးဆရာအသင်း၏ လက်ရှိဆောင်ရွက်မှုများ၊ ရှေ့ဆက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများမှ သာရေး၊ နာရေး၊လူမှုရေး၊ သဘာဝဘေးနှင့်ကျန်းမာရေးတို့တွင် ယခင်အမှုဆောင်အဖွဲ့၏ ထောက်ပံ့ကြေးနှုန်းအတိုင်း သတ်မှတ်နိုင်ရေး စာပေလှော့လာရေး ခရီးသွားရောက်ရေးနှင့်အထွေထွေကိစ္စများကို ဝိုင်းဝန်းဆွေးဆွေးအကြံပြုခြင်းများဆောင်ရွက်ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**
**(၀၇၀)**

*- *- *- *- *

# မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သရက် မေ ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းမငယ်ကျေးရွာအုပ်စု၊ အင်းမငယ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အင်းမငယ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ၃၉ ဒသမ ၉ သန်းဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံစွာ ဆောင်ရွက်ထားခြင်းရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



အင်းမငယ်ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၂၇ ဒသမ ၇၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၉ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၇၅သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉ ဒသမ ၉သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**(ဝဲပုံ) ဆက်လှ**

နေရောင်အောက်က သက်ရှိတွေကို
စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့။

## ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံဆောင်ရွက်ပေးလျက်ရှိ



**မြို့သစ် မေ ၂၈**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အခြေခံပညာအတန်းများ၏ ကျောင်းအပ်နှံ လက်ခံခြင်းကို ယမန်နေ့ နံနက်ပိုင်းက စတင်၍ မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းအသီးသီး၌ လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

မြို့သစ်မြို့နယ်တွင် အခြေခံပညာကျောင်း ၁၉၀ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းတစ်ကျောင်း၊ ကိုယ်ပိုင် အထက်တန်းကျောင်းတစ်ကျောင်း၊ စုစုပေါင်း ၁၉၂ ကျောင်းရှိပြီး မြို့နယ်အတွင်းရှိ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ ဆရာ၊ ဆရာမများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကာ ကျောင်းအပ်နှံလာရောက်သည့် ကျောင်းသား၊ ကျောင်းသူများအား မည်သည့် အဖိုးအခမှတောင်းခံခြင်းမရှိဘဲ ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ခဲတံ၊ဘောလ်ပင်နှင့် မူလတန်းအဆင့် ကျောင်းသား၊ကျောင်းသူများအတွက် ကျောင်းဝတ်စုံများပါ အခမဲ့ထောက်ပံ့ပေးကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**

## မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**ကန့်ဘလူ မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်တွင် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိစေရန် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို မေ ၂၅ ရက် နံနက် ၈ နာရီက တောက္ကရုပ်ကျေးရွာ ဦးပိုင်အမှတ် (၆၁၅)၊ ကျွဲကျောင်းတဲကွင်း တောင်သူဦးစိုးဝင်း၏ လယ်မြေ ၁ ဒသမ ၉၀ ဧက ၌ ဆောင်ရွက်သည်။

အဆိုပါသစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်ဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်လှကြိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးဦးမျိုးမြင့်တို့က တောင်သူများကို ပိုက်ဆန်လျှော် မျိုးစေ့များ ပေးအပ်ပြီး တောင်သူများနှင့်အတူ မိုးစပါးစိုက်ပျိုးမည့် လယ်မြေ၌ မျိုးစေ့ချ စိုက်ပျိုးပေးသည်။



ထိုသစ်စိမ်းမြေဩဇာစိုက်ပျိုးခြင်းသည် မြေဆီလွှာဖွံ့စည်းပုံကောင်းမွန်၍ နိုက်ထရိုဂျင်ဓာတ်မြေဩဇာ သုံးစွဲမှုလျော့ချနိုင်ကြောင်း၊ ပိုက်ဆန်လျှော်မျိုးစေ့ချ၍ စိုက်ပျိုးပြီး အပင် ၄၅ ရက် ပန်းပွင့်ချိန်တွင် ထယ်ထိုးမြေမြုပ်ရမည်ဖြစ်ကြောင်း၊ ပိုက်ဆန်လျှော်ပင်မှာ မြေဆီလွှာအစိုဓာတ်ကို ကြာရှည်စွာ ထိန်းသိမ်းပေးနိုင်သည့်အပြင် အလွယ်တကူစိုက်ပျိုးနိုင်ပြီး မျိုးစေ့များကိုလည်း စီးပွားရေးတစ်ခုအနေဖြင့် စိုက်ပျိုးထုတ်လုပ်၍ရကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက တောင်သူများအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

*- *- *- *- *



## မြေငှားဂရန်ထုတ်ပေးနိုင်ရေး လျှောက်လွှာပေးအပ်ပွဲ ကျင်းပ

**မတ္တရာ မေ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊မတ္တရာမြို့နယ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် လျှောက်လွှာပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီက လက္ကောင်းကြီးကျေးရွာအုပ်စု၊ ကန်ဖြူကျေးရွာရှိဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းနိုင် လျှောက်လွှာတင်ရန် ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့ပြီး မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်မှ မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌမှ မြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုအခြေနေများကို ရှင်းလင်း ပြောကြားခဲ့သည်။ ဆက်လက်၍ အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် တာဝန်ရှိသူများမှ မြေငှားဂရန်လျှောက်လွှာများကို ပေးအပ်ခဲ့ပြီး ပထမရက်(၁၀၀)ကာလအတွင်း မြေငှားဂရန်ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှု လက်ကမ်းစာစောင်များကို ပေးဝေခဲ့ကြသည်။

အဆိုပါ ရက်(၁၀၀)စီမံချက်ဖြင့် မြေငှားဂရန်ထုတ်ပေးနိုင်ရေး လျှောက်လွှာပေးအပ်ပွဲ အခမ်းအနားသို့ အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကန်ဖြူကျေးရွာမှ တာဝန်ရှိသူများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၆၂)

*- *- *- *- *

## ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ပညာသင်ထောက်ပံ့စရိတ်ပေးအပ်

**ပခုက္ကူ မေ ၂၈**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းသား၊ သမီးများအား ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ပညာသင်ထောက်ပံ့စရိတ်ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ယူကြမည့် တက္ကသိုလ်အဆင့် ရှစ်ဦး၊ အထက်တန်းအဆင့် လေးဦး၊ အလယ်တန်းအဆင့် ၁၁ ဦး၊ မူလတန်းအဆင့် ၃၃ဦး၊ KG အဆင့် ခြောက်ဦး၊ စုစုပေါင်း ဝန်ထမ်းသားသမီး ၆၂ ဦးအတွက် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ပညာသင်ထောက်ပံ့စရိတ်များ ပေးအပ်ကြသည်။

ပခုက္ကူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် "နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့ "ဆောင်ပုဒ်နှင့်အညီ မိဘအုပ်ထိန်းသူများက ကျောင်းသား၊ ကျောင်းသူများအား ကျောင်းလာရောက်အပ်နှံမှုအား သက်ဆိုင်ရာကျောင်းများအလိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၃၄၀)

## စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနား ကျင်းပ

**မူဆယ် မေ ၂၈**

မူဆယ်မြို့နယ် စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို မူဆယ်ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးMအောင်ဂျာက အမှာစကားပြောကြားခဲ့ပြီး၊ အသင်းနာယက ဦးအုန်းမောင် (ရွှေသာသားမြတ်မင်း)က အသင်း၏ ဆောင်ရွက်ချက်များအား တင်ပြခဲ့သည်။ ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမျိုးခိုင်(မျိုးခိုင် - မူဆယ်)က လက်ရှိအမှုဆောင်အဖွဲ့အား ဖျက်သိမ်းကြောင်းကြေညာခဲ့ပြီး၊ အမှုဆောင်ကော်မတီရွေးချယ်တင်မြှောက်၍ ကော်မတီဝင်များစာရင်းကို သဘာပတိက ဖတ်ကြားပေးခဲ့သည်။ ယင်းနောက် မြို့နယ်စာရေးဆရာအသင်း အမှုဆောင်ကော်တီဝင်များမှ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူခဲ့ကြသည်။

ဆက်လက်၍ မူဆယ်မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌအသစ်က မိတ်ဆက်စကားပြောကြားခဲ့ပြီး၊ မြန်မာနိုင်ငံစာရေးဆရာအသင်းစတုတ္ထအကြိမ် ညီလာခံသို့ တက်ရောက်မည့် ကိုယ်စားလှယ်များကို ကြေညာပေးခဲ့သည်။ အခမ်းအနားတွင် ဦးသန်းတင် (သန်းတင် - ၁၀၅မြေ)ရေးသားသည့် အုန်းထမင်းဆွမ်းထုပ်ကလေးနှင့် အခြားဝတ္ထုတိုများ စာအုပ်ကို တက်ရောက်လာသည့် ဧည့်သည်တော်များအား အမှတ်တရ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးသင်တန်း ဖွင့်လှစ်

**မန္တလေး မေ ၂၈**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးသင်တန်းကို ချမ်းအေးသာစံမြို့နယ်၊စိတ္တရမဟီရပ်ကွက်၊ ဆုတောင်းရမြတ်စွာဘုရား၌ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ခေတ္တတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဦးအောင်ဇော်မြင့်က ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းနှင့်ပတ်သတ်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်တန်းနည်းပြလေးဦးမှ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၇၀ ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။

**ချမ်းမြေ့မောင်(ပြန်/ဆက်)**

# မဟာသမယသုတ်တော်နှင့် ဘုရား၊ ရဟန္တာတို့၏ ကြည်ညိုဖွယ်ဂုဏ်တော်များ

စာရေးသူသည် ဦးမော်လူး စီစဉ်ရေးသားသည့် မဟာသမယသုတ်အပါအဝင် သုတ်တော် ခုနစ်မျိုးပါသည့် ဝတ်ရွတ်စဉ်စာအုပ်အား မန္တလေး၊ ၈၄လမ်း၊ ထွန်းဦးစာပေတိုက်မှ ဝယ်ယူခဲ့ပြီးနောက် 'မဟာသမယသုတ်'အား ပူဇော်ခဲ့သည်မှာ သုံးလကျော်ခဲ့ပါပြီ။ ကြားတွင် အကြောင်းကြောင်းကြောင့် လေး၊ ငါးရက် ပျက်ခဲ့သည်။ ယခု ယင်းသုတ္တန်အား ပူဇော်ရင်းနှစ်လကျော်လာချိန်တွင် မရွတ်ရ၊ မပူဇော်ရလျှင် မနေနိုင်အောင်၊ တစ်မျိုးမျိုးလိုနေသလို ခံစားနေရသည်။ နတ်တွေက နှိုးဆော်နေသည်လားပင် စာရေးသူ၏ အထင် ယူဆချက်ပါ။

**မဟာသမယသုတ် ဖြစ်ပေါ်လာပုံ ။** အကျဉ်းမှ ဖော်ပြရလျှင် ဂေါတမဘုရားရှင်လက်ထက်က သာကီဝင်မင်းမျိုးနှင့် ကောလိယမင်းမျိုးတို့သည် ယင်းတို့ နှစ်ပြည်ထောင်အကြား စီးဆင်းနေသည့် ရောဟိနီမြစ်ကို တမံပိတ်ထားသည့် ဆည်ရေကို နှစ်ပြည်ထောင်လုံး အသုံးပြုကာ လယ်ယာစိုက်ပျိုးမှု ပြုခဲ့ကြသည်။ အခါတစ်ပါး မိုးရေနည်းပါးသဖြင့် ကောက်ပင်တို့ ညှိုးနွမ်းရာ ရေကို လုယူကြသော လယ်သမားအချင်းချင်း အငြင်းပွားရာမှစ၍ နှစ်ပြည်ထောင်မင်းတို့ စစ်ခင်းရသော အခြေသို့ ရောက်ခဲ့သည်။

ထိုအကြောင်းကို မြတ်စွာဘုရား သိမြင်တော်မူ၍ သာဝတ္ထိမှ ကြွလာတော်မူပြီး နှစ်ဖက်စစ်သည်တို့အလယ် ကောင်းကင်၌ ရောင်ခြည်တော်လွှတ်လျက် ထိုင်နေတော်မူ၏။ နှစ်ဖက်သောမင်းတို့ ဘုရားရှင်ကို မြင်၍ လက်နက်ချကာ ဘုရားရှင်ကို ရှိခိုးကြ၏။ မြတ်စွာဘုရားက 'အဘယ်ကိစ္စဖြင့် လာကြသနည်း'ဟု မေးရာ 'စစ်ထိုးရန် လာကြပါသည်'ဟု လျှောက်၏။ 'အဘယ်အကြောင်းကို ပြုသနည်း'ဟု ဆက်မေးတော်မူရာ 'ရေကို အကြောင်းပြု၍ပါဘုရား'ဟု လျှောက်ကုန်၏။ ဘုရားရှင်က 'ရေသည် အဖိုးထိုက်သလော၊ ရေထက် မြေ၊ မြေထက် မင်းမျိုး အဖိုးထိုက်သည်မဟုတ်လော၊ ရေကို မှီ၍ မင်းမျိုးတို့ကို မပျက်စေလင့်၊ ခိုက်ရန်ဖြစ်ခြင်း၌ သာယာဖွယ်မရှိသည်ကို ပြခြင်းငှာ အရာမဟုတ်သည်၌ ရန်ပြုခြင်းဖြင့် ကြို့ပင်စောင့်နတ်နှင့် ဝက်ဝံတို့ ပျက်စီးရဖူးကုန်ပြီ'ဟု **ဖန္ဒနဇာတ်တော်**ကို ဟောတော်မူခဲ့၏။ ဆက်လက်၍ ဘုရားရှင်က ယုန်ငယ်စကားကို ယုံ၍ သုံးယူဇနာမျှသော တောတိရစ္ဆာန်တို့ သမုဒ္ဒရာသို့ ကျရောက်လုနီးဖြစ်ရသည့် **ဒုဒ္ဒုဘဇာတ်တော်**၊ နှံစုတ်ငှက်သော်လည်း ဆင်ပြောင်ကို သေစေသည့် **လဋုကိကဇာတ်တော်**၊ သစ်ပင်ကြီးသော်လည်း လေတိုက်၍ အမြစ်ကော်၍ လဲသည်။ သစ်ပင်အပေါင်းကား အလိုက်သင့် ညီညွတ်စွာနေသဖြင့် မလဲနိုင်ကြသည့် **ရုက္ခဓမ္မဇာတ်တော်**၊ ငုံးငှက်တို့ ညီညွတ်သောအခါ မုဆိုးကွန်ရက်ကို အညီအညွတ် ချီယူချမ်းသာကြပြီး မညီညွတ်သောအခါ မုဆိုးလက်၌ ပျက်စီးရသည့် **သမ္မောဒမာနဇာတ်တော်**နှင့် မိမိကိုယ်ကို မိမိ ဆုံးမခြင်းငှာ အတ္တဒဏ္ဍသုတ်တို့ကို ဟောကြားတော်မူ၏။

ထိုအခါ မင်းမျိုးတို့သည် 'မြတ်စွာဘုရား မကြွလာသော် ငါတို့အားလုံး သွေးချောင်းစီးကုန်လတ္တံ့၊ ယခု အသက်ချမ်းသာကြပြီး မြတ်စွာဘုရားသည် တောမထွက်ခဲ့သော် စကြာမင်းကြီးဖြစ်၍ မင်းသားများ ခြံရံလျက်နေရာ၏။ ယခုမူ တောထွက်၍ ဘုရားဖြစ်ပြီ။ ဤအခါလည်း မင်းသားများ ခြံရံလျက် နေတော်မူစေသတည်း'ဟု ကပိလဝတ်ပြည်နှင့် ကောလိယပြည်မှ မင်းသား ၂၅၀ စီ အပ်နှံကုန်၏။ ဘုရားရှင်က မင်းသားငါးရာကို 'ဧဟိ ဘိက္ခု' ရဟန်းဖြစ်စေ၍ မဟာဝုန်တောသို့ ကြွတော်မူ၏၊ နောက်ဆုံးတွင် ဘုရားရှင်၏ ကမ္မဋ္ဌာန်းတရားအားထုတ်ကြပြီး ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ် ရောက်ကြ၏။ ဘုရားရှင်သည် သက္ကတိုင်း ကပိလဝတ်ပြည်၊ မဟာဝုန်တောအုပ်၌ပင် ရဟန္တာငါးရာ ခြံရံလျက် နေတော်မူစဉ် ထိုမဟာဝုန်တောအနီးနတ်တို့သည် 'အချင်းတို့ လာကြလော့ ဘုရားဖူးခြင်း၊ တရားနာခြင်း၊ ရဟန်းသံဃာဖူးမြင်ရခြင်းသည် အကျိုးများ၏၊ လာကြလော့၊ သွားကြစို့'ဟု ကြွေးကြော်လျက် ဘုရားရှင်ထံ ချဉ်းကပ်၍လည်းကောင်း၊ ရဟန္တာတို့ကို ရှိခိုး၍လည်းကောင်း နေကြ၏။ ထိုနတ်တို့အသံကို အဆင့်ဆင့်ကြားကြသဖြင့် စကြာဝဠာ တိုက်တစ်သောင်းတိုင်အောင် ပျံ့နှံ့ကာ စည်းဝေးရောက်လာကြ၏။

ထိုစဉ် သုဒ္ဓါဝါသ ဗြဟ္မာကြီးလေးဦးသည် သမာပတ် ဝင်စားနေချိန်ဖြစ်၏။ သမာပတ်မှ ထသောအခါ ဗြဟ္မာ့ပြည်တစ်ခုလုံး တိတ်ဆိတ်သည်ကိုမြင်၍ အဘယ်သို့ သွားကြကုန်သနည်းဟု ဆင်ခြင်ရာ အထက်ပါ စည်းဝေးရောက်ကုန်ကြသည်ကို မြင်သိ၍ ငါတို့ကားနောက်ကျချေပြီ၊ နေရာမရနိုင်တော့ပြီဟု လက်ဆောင်ဂါထာတစ်ခုစီကို စီမံကြပြီး စကြာဝဠာ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ နှုတ်ခမ်းဝတို့၌ တစ်ဦးစီ ဆင်းကုန်၏။ ဘုရားရှင်သည်လည်း မြေပြင်မှ စကြာဝဠာ နှုတ်ခမ်းဝအားဖြင့် အကနိဋ္ဌဘုံအထိ နတ်ဗြဟ္မာအစည်းအဝေးကို မြင်၍ ရဟန်းတို့ကို သိစေတော်မူ၏။

မဟာသမယသုတ်တော်ကို နတ်တို့သည် လွန်စွာနှစ်သက် မြတ်နိုးကြ၏။ ဤသုတ်တော်မှာ ဘုရားရှင်က စကြာဝဠာတစ်သောင်းရှိ တန်ခိုးငယ်သူ၊ ကြီးသူအားလုံး၏ အမည်အနွယ်တို့ကို ဖော်ပြဟောကြားခြင်းဖြစ်၍ နတ်ဗြဟ္မာတို့ အင်မတန်မှ ဝမ်းမြောက်ကြ၏။ နတ်ဗြဟ္မာတို့သည် ဤသုတ်တော်ကို လွန်စွာနာကြားလို၍ အဘယ်နေရာ၌ ကြားနာရပါအံ့နည်းဟု အမြဲနားစိုက်လျက် လှည့်လည်စုံစမ်းကြကုန်၏။

ဘုရားရှင်က-

**'ယေပိ တေ ဘိက္ခဝေ အဟေသုံ အတီတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ . . . . . အနာဂတ မဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ တေသမ္ပိ ဘဂဝန္တာနံ ဧတံ ပရမာယေဝ ဒေဝတာ သန္နိပတိတာ ဘဝိဿန္တိ၊ သေယျထာပိ မယှံ ဧတရဟိ'**ပါဠိတော်ဖြင့် 'ရဟန်းတို့ . . . အတိတ်ကာလ၌ ပွင့်တော်မူပြီးသော အနာဂတ်ကာလ၌ ပွင့်တော်မူပြီးသော ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားတို့လက်ထက်၌လည်း ယခု ငါ၏လက်ထက်တော်၌ကဲ့သို့ ဤမျှအတိုင်းအရှည်ရှိသော နတ်ဗြဟ္မာတို့သည် စည်းဝေးခဲ့ကြကုန်ပြီ။ စည်းဝေးကြကုန်လတ္တံ့။

**တရားသဘင်အစည်းအဝေးတွင် သုဒ္ဓါဝါသ ဗြဟ္မာလေးဦးတို့မှ ဘုရားရှင်ထံတော် လျှောက်ထားသည့် ဂါထာတော်များ**

ဗြဟ္မာလေးဦးတို့သည် သုဒ္ဓါဝါသဗြဟ္မာဘုံမှ ကွယ်ခဲ့၍ မဟာဝုန်တောရှိ ဘုရားရှင်၊ ရဟန္တာများနှင့် စုဝေးရောက်နှင့်ပြီး နတ်ဗြဟ္မာအပေါင်း နေရာထံ ရောက်ရှိခဲ့ကြကာ ဗြဟ္မာလေးဦးသည် အောက်ပါအတိုင်း တစ်ဂါထာစီ ဘုရားရှင်ထံတော် ရွတ်ဆိုလျှောက်ထားကြ၏-

**'မဟာသမယော ပဝနသ္မိံ၊**
**ဒေဝကာယာ သမာဂတာ။**
**အာဂတ'မှ ဣမံ ဓမ္မသမယံ**
**ဒက္ခိတာယေ အပရာဇိတသံဃန္တိ။'**

'အရှင်ဘုရား မဟာဝုန်တော၌ နတ်ဗြဟ္မာအပေါင်းတို့သည် စုရုံးလာရောက်ကြသဖြင့် အစည်းအဝေးကြီး ဖြစ်လျက်ရှိနေပါ၏။ အကျွန်ုပ်တို့သည်လည်း ကိလေသာရန်သူတို့ မအောင်နိုင်သော သံဃာတော်ကို ဖူးမြော်ခြင်းငှာ ဤတရားသဘင်အစည်းအဝေးသို့ လာရောက်ပါကုန်၏' ဟူ၍ ရွတ်ဆို၏။

တစ်ဦးသောဗြဟ္မာကလည်း ပညာရှိ ရဟန်းတော်၏ စိတ်ထားနှင့် ဣန္ဒြေကို ထိန်းသိမ်းနိုင်မှုကို လျှောက်ထားပုံမှာ-

**'တတြ ဘိက္ခဝေါ သမာဒဟံသု၊**
**စိတ္တ' မတ္တနော ဥဇုကံ အကံသု။**
**သာရထီဝ နေတ္တာနိ ဂဟေတွာ၊**
**ဣန္ဒြိယာနိ ရက္ခန္တိ ပဏ္ဍိတာ'တိ။**

အရှင်ဘုရား ထိုအစည်းအဝေး၌ ရဟန်းတို့သည် မိမိစိတ်ကို တည်ကြည်စေလျက် ဖြောင့်မတ်စွာ ပြုထားပါကုန်၏။ ရထားထိန်းသည် ကြိုးကို ကိုင်၍ ထိန်းသကဲ့သို့ ပညာရှိ ရဟန်းတို့သည် ဣန္ဒြေတို့ကို ထိန်းသိမ်းတော်မူကြပါကုန်၏'ဟူ၍ ဖြစ်သည်။

ဆက်လက်၍ တစ်ဦးသောဗြဟ္မာကလည်း သန့်ရှင်းစင်ကြယ်သော ရဟန္တာတို့၏ ဂုဏ်ကို ရွတ်ဆိုပြန်၏-

**'ဆေတွာ ခီလံ ဆေတွာပလီဃံ၊**
**ဣန္ဒခီလံ ဦဟစ္စ မနေဇာ။**
**တေ စရန္တိ သုဒ္ဓါ ဝိမလာ၊**
**စက္ခုမတာ သုဒန္တာ သုသုနာဂါ'တိ။**

'မြတ်စွာဘုရား ကောင်းစွာ ဆုံးမထားပြီးဖြစ်၍ တဏှာကင်းလျက် သန့်ရှင်းစင်ကြယ်သော ထိုရဟန္တာငယ်တို့သည် ရာဂ ဒေါသ မောဟတည်းဟူသော ခလုတ်တံသင်းနှင့် တံခါးကျင်မင်းတုပ်ကို ဖြတ်ပြီးလျှင် ရာဂ ဒေါသ မောဟတည်းဟူသော တံခါးတိုင်ကို နုတ်၍ တဏှာလောဘ မရှိကြကုန်သည်။ ကိလေသာမှ စင်ကြယ်ကုန်သည်။ ကိလေသာ အညစ်အကြေးမှ ကင်းဝေးကုန်သည်ဖြစ်၍ လှည့်လည်သွားလာနေကြကုန်၏' ဟူ၍ ဖြစ်သည်။

လေးဦးမြောက် ဗြဟ္မာကမူ ဤသို့ လျှောက်ထားရွတ်ဆိုပြန်သည်-

**'ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊**
**နတေ ဂမိ ဿန္တိ အပါယ ဘူမိံ ။**
**ပဟာယ မာနသံ ဒေဟံ၊**
**ဒေဝကာယံ ပရိပူရေဿန္တီ'တိ။**

'အရှင်ဘုရား ခပ်သိမ်းကုန်သော အကြင်သူတို့သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကုန်ပြီ။ ထိုသူအားလုံးတို့သည် အပါယ်ဘုံသို့ မရောက်ကြကုန်လတ္တံ့။ လူ့ခန္ဓာကို စွန့်ပယ်၍ နတ်ပြည်၌ ဖြစ်ကြပါကုန်လတ္တံ့'။

**နတ်အစည်းအဝေးနှင့် တက်ရောက်သူများ**

အတိုင်းမသိ များပြားလှပါသော နတ်ဗြဟ္မာတို့ စည်းဝေးမိသောအခါကို မဟာသမယဟုခေါ်သည်ဟု ဤသုတ်တော်တွင် မှတ်သားရသည်။ ဤအစည်းအဝေးတွင် စကြာဝဠာတစ်ထောင်စီရှိသော လောကဓာတ်ဆယ်ခုမှ နတ်ဗြဟ္မာတို့သည် ဘုရားရှင်ကိုလည်းကောင်း၊ ရဟန်းသံဃာတို့ကိုလည်းကောင်း ဖူးမြင်၍ အလို့ငှာ လာရောက်ကြခြင်းဖြစ်သည်။ ထိုနတ်ဗြဟ္မာတို့ကို သုတအလို့ငှာ ဖော်ပြရသော်-

- ရှေ့၌ တည်ကုန်သော၊ ကပိလဝတ်ပြည်ကို မှီ၍နေသော ခုနစ်ထောင်အရေအတွက်ရှိသော နတ်များ။
- ဟိမဝန္တာတောင်၌နေသည့် ခြောက်ထောင်မျှသော နတ်များ။
- သာတာဂိရိတောင်၌နေသည့် သုံးထောင်မျှရှိ နတ်များ။
- ဝေဿာမိတ္တတောင်၌နေသည့် ငါးရာသော နတ်များ။
- ရာဇဂြိုဟ်ပြည် ဝေပုလ္လတောင်၌နေသော ကုမ္ဘီရနတ်စစ်သူကြီး အမှူးပြုသည့် တစ်သိန်းကျော်ဦးရေရှိသော နတ်များ။
- အရှေ့ရပ်ကို အစိုးရသော ဂန္ဓဗ္ဗနတ်တို့၏ အကြီးအကဲ ဓတရဋ္ဌနတ်မင်းကြီး၊ သားတော်များနှင့် အခြံအရံနတ်များ။
- အလားတူ တောင်အရပ်ကို အစိုးရသော ကုမ္ဘဏ်နတ်များ၏ အကြီးအမှူး ဝိရုဠ္ဍကနတ်မင်းကြီး၊ အနောက်အရပ်ကို အစိုးရသော နဂါးတို့၏ အရှင်ဝိရူပက္ခနတ်မင်းကြီး၊ မြောက်အရပ်ကို အစိုးရသော နတ်၊ ဘီလူးတို့၏ အရှင်ကုဝေရနတ်မင်းကြီးတို့နှင့် သားတော်များ၊ ၎င်းတို့၏ အခြံအရံနတ်များ။
- ထို့ပြင် အထက်နတ်မင်းကြီးလေးဦးတို့၏ ကျွန်ယုံတော်ဖြစ်ပြီး ပရိယာယ်မာယာများ၍ လှည့်စားတတ်သော မာယာနတ်မှစ၍ ရထားထိန်း မာတလိနတ်အထိ နတ် ၁၂ ပါးတို့သည်လည်းကောင်း။
- ထို့ပြင် စိတ္တမည်သော ဂန္ဓဗ္ဗနတ်အပါအဝင် ကျန်ဂန္ဓဗ္ဗနတ် သုံးပါး။
- သူရိယဝစ္ဆသာနတ်သမီးအပါအဝင် ကျန် နတ်ငါးပါး။
- ထိုမှတစ်ပါး နာဂသအိုင်၌နေသော နဂါးတို့အပါအဝင် ကျန် နဂါးလေးမျိုးနှင့် ကျန်နဂါးပရိသတ်တို့နှင့် ဆွေမျိုးများ။
- ယမုံနာမြစ်၌နေသော နဂါးနှင့် ဧတရဋ္ဌအမျိုး၌ဖြစ်သော နဂါးများ။
- ဧရာဝဏ် ဆင်ပြောင်မည်သော နတ်သား။
- နှစ်ကြိမ်မွေးဖွားရသည့် အတောင်ရှိကာ စင်ကြယ်သော မျက်စိရှိသည့် စိတ္တရသုပဏ္ဏမည်သော ဂဠုန်တို့သည်လည်းကောင်း (မြတ်စွာဘုရားရှင်မှ ဂဠုန်တို့၏ရန်မှ နဂါးတို့ကို ဘေးကင်းအောင် ပြုထားပေး၍ နဂါးနှင့် ဂဠုန်တို့သည် သိမ်မွေ့စွာ စကားခေါ်ဝေါ် ပြောဆိုပြီး ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်ကြသည်။)
- ကာလကဉ္စ အသုရာ အပါအဝင် အသုရာနတ်နှင့် မာရ်နတ်သားတို့သည်လည်းကောင်း။
- အာပေါနတ်မှ ကရုဏာနတ်ထိ နတ် ၁၀ မျိုးနှင့် အခြံအရံနတ်များ။
- ဝေဏှုနတ်၊ လနတ်မင်း၊ နေနတ်မင်း၊ ကြယ်နတ်မင်းအပါ နတ် ၁၀ မျိုးနှင့် ဝါသဝမည်သော သိကြားမင်း။
- သဟာသူနတ်အပါအဝင် နတ် ၁၀ မျိုး။
- သမာနနတ်အပါအဝင် နတ် ၁၀ မျိုး။
- သုက္ကနတ်အပါအဝင် နတ် ၁၀ မျိုး။
- ခေမိယနတ်အပါအဝင် နတ် ၁၀ မျိုး။

အထက်ပါ နတ်များအားလုံးမှာ အမျိုးမျိုးသော အသွေးအရောင်ရှိ တန်ခိုးအာနုဘော်ရှိကြသလို အဆင်းလှကြပြီး အခြံအရံ များကြလေသည်။ အထက်ပါစာရင်းမှ ၁၀ မျိုးစီ ပြထားသည့် ခြောက်ကျိပ်သော နတ်အစုအရုံးတို့သည် အမည်အနွယ်အလိုက် မဟာဝုန်တော အစည်းအဝေးသို့ လာကြခြင်းဖြစ်လေသည်။

အဆိုပါနတ်များအပြင် သုဗြဟ္မာမည်သော ဗြဟ္မာအပါ ဗြဟ္မာလေးမျိုး၊ လက်တစ်ချောင်းဖြင့် စကြာဝဠာတစ်ထောင်၊ လက်ဆယ်ချောင်းဖြင့် စကြာဝဠာတစ်သောင်းတိုင်အောင် ပျံ့နှံ့စေနိုင်သော မဟာဗြဟ္မာသည်လည်းကောင်း၊ ဗြဟ္မာတစ်ထောင်စီကို အသီးသီး အစိုးရသော မဟာဗြဟ္မာ ၁၀ မျိုးတို့သည်လည်း လာရောက်ကြ၏။

အထက်ပါ နတ်ဗြဟ္မာများ၊ နဂါး၊ ဂဠုန်နှင့် အခြံအရံ၊ ပရိသတ်၊ သားတော်များကို ကြည့်ခြင်းဖြင့် ဤမဟာဝုန်တော နတ်အစည်းအဝေး စုရုံးမှုတွင် နတ်ဗြဟ္မာအရေအတွက် မည်မျှများပြားနေမည်ကို စာဖတ်သူတို့ သိနိုင်ပါသည်။ ဘုရားရှင်တစ်ဆူပွင့်လျှင် ဤတစ်ကြိမ်သာ ဤသို့ စုရုံးခြင်းဖြစ်၍ မဟာသမယဟု အမည်တပ်ထားခြင်းပင်ဖြစ်သည်။

ဤတွင် ခြောက်ကျိပ်သော နတ်အစုအရုံးတို့က ဤစုဝေးမှုကို လာရောက်စဉ် ဘုရားရှင်ကို ကြည်ညိုပြီး ဤသို့ ကြွေးကြော်လာကြပုံမှာ သဒ္ဒါဖြစ်ဖွယ် မှတ်သားဖွယ်ပင်ဖြစ်သည်-

**'ပဝုဋ္ဌဇာတိ မခိလံ၊**
**ဩဃ တိဏ္ဏ' မနာသဝံ။**
**ဒက္ခေမော' ဃတရံ နာဂံ၊**
**စန္ဒံဝ အသိတာ တိဂံ'။**

အဓိပ္ပာယ်မှာ ။ ပဋိသန္ဓေနေခြင်း ကင်းပြီးသော၊ ရာဂ ဒေါသ မောဟတည်းဟူသော ခလုတ်တံသင်း မရှိသော၊ ဩဃလေးဖြာမှ ကူးမြောက်ပြီးသော အာသဝေါတရားမရှိသော အရိယာ သံဃာတော်ကိုလည်းကောင်း၊ ညစ်ညူးခြင်းကင်းသည့် လမင်းသဖွယ် တင့်တယ်တော်မူသော၊ ဩဃလေးဖြာမှ ကူးမြောက်စေတော်မူသော မြတ်စွာဘုရားကိုလည်းကောင်း ဖူးမြော်ကုန်အံ့'ဟူ၍ ဖြစ်ပါသည်။

နယုန်လပြည့် မဟာသမယအခါတော်နေ့သည် ထူးခြားချက်ကိုးမျိုးနှင့် ပြည့်စုံသလို ဤနေ့တွင် မဟာသမယသုတ်အပါအဝင် သုတ္တံခုနစ်မျိုးကို ဘုရားရှင်က ဟောကြားခဲ့ပါသည်။

သို့ဖြစ်ပါ၍ စာဖတ်သူတို့အနေဖြင့် နတ်ဗြဟ္မာတို့၏ အကူအညီကို ရရှိနိုင်ခြင်း၊ နတ်ဗြဟ္မာတို့၏ ချစ်ခင်နှစ်သက်မြတ်နိုးမှုခံရခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ စိုးရိမ်ပူဆွေး၊ ငိုကြွေးခြင်း စသော အကုသိုလ်တရားဆိုး ရှစ်ပါးတို့ ငြိမ်းအေးခြင်း အကျိုးတရားများကို ရစေနိုင်သည့် ဤမဟာသမယသုတ်တော်ကို ကြည်ညိုသဒ္ဓါဖြင့် နေ့စဉ်ရွတ်ဖတ်ပူဇော်ကြစေလိုကြောင်း မေတ္တာဖြင့် နှိုးဆော်လိုက်ရပါသည်။

**ကျမ်းကိုး ။** ဦးမော်လူး စီစဉ်သည့် မဟာသမယသုတ်အပါ သုတ္တံခုနစ်မျိုး ဝတ်ရွတ်စဉ် စာအုပ်။

ရေချမ်း-မန်း

# ဘက်စုံသားဖွားသင်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ



**ပြင်ဦးလွင် မေ ၂၈**

နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များပေါ်ထွန်းလာစေရေးနှင့် လူငယ်ကဏ္ဍကို မြှင့်တင်စေရန် ရည်ရွယ်၍ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘက်စုံသားဖွားသင်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို မေ ၂၆ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ရှိ ဘက်စုံသားဖွားသင်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့ ခုတင် ၃၀၀ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိက အဖွင့်အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွန်းနန်းထွေးက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို စတင်ကျင်းပရာ ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာ၊ ပြင်ဦးလွင်မြို့ ခုတင် ၃၀၀ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းတို့က Moderator အဖြစ် ဆောင်ရွက်ပြီး ဘက်စုံသားဖွားသင်တန်းကျောင်းမှ သင်တန်းသူများဖြစ်ကြသော မမိုမိုကို(ဒုတိယနှစ်)၊ မစန်းစန်းသွယ်(ဒုတိယနှစ်)၊ မစုစန္ဒီအောင်(ပထမနှစ်)နှင့် မစုမြတ်မိုး(ပထမနှစ်)တို့က ဦးဆောင်အပ်နှင်းခြင်းဆိုင်ရာ အကြောင်းအရာများနှင့် အပ်နှင်းရသည့် ရည်ရွယ်ချက်အား အသီးသီးဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြူကြူက ဖြည့်စွက်ဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် သင်တန်းသူများက လူငယ်စကားဝိုင်းတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ် အခြေခံကာ မိမိတို့ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ ဦးဆောင်ဆွေးနွေးခဲ့သော သင်တန်းသူများက မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**သွေးသွေး(ခရိုင်–ပြန်/ဆက်)**

# အရေးပေါ် အသက်ကယ်ဆင့်ပွားသင်တန်းဖွင့်ပွဲ ကျင်းပ

**မူဆယ် မေ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့တွင် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့(မူဆယ်ခရိုင်)၏ အရေးပေါ်အသက်ကယ်ဆင့်ပွားသင်တန်း(၂/၂၀၂၆)ဖွင့်ပွဲကို မူဆယ်မြို့၊ မြို့တော်ခန်းမတွင် ယမန်နေ့ နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းက တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မူဆယ်ခရိုင်)၏ လှုပ်ရှားဆောင်ရွက်ခဲ့သည်များကို ဗီဒီယိုကလစ်ဖြင့် ပြသခဲ့ပြီး မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မူဆယ်ခရိုင်)၏ မူဆယ်မြို့နယ်ဥက္ကဋ္ဌမှ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းတွင် ပို့ချမည့် အရေးပေါ်အသက်ကယ်ဆယ်ရေး လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ပြီး ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများမှ ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းကို ပရဟိတလူမှုကူညီရေးအဖွဲ့များသည် အများပြည်သူ၏ အခက်အခဲများ၊ ယာဉ်တိုက်မှု၊ သဘာဝဘေးနှင့် မမျှော်လင့်သော အက်ဆီးဒင့်ဖြစ်စဉ်များတွင် အရေးပေါ်ကူညီကယ်ဆယ်ရာ၌ နည်းစနစ်တကျ မှန်မှန်ကန်ကန် အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ ကူညီပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား ၆၅ ဦးအား သင်တန်းနည်းပြ ၁၀ ဦးတို့က လေးရက်တာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ရေနုတ်မြောင်းများအတွင်း

အမှိုက်မပစ်ခြင်းဖြင့်

သင်၏ ဂုဏ်ကိုမြှင့်တင်ပါ။




# ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ၊ စာလုံးပေါင်းသတ်ပုံအမှန် ရွေးချယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ပုဗ္ဗသီရိ မေ ၂၈**

ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အဝါရောင်မျိုးဆက်သစ် ပရဟိတလူငယ်(YGW)ကျောင်းတို့ ပူးပေါင်း၍ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာလုံးပေါင်းသတ်ပုံအမှန်ရွေးချယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ်ရုံး (Community Centre) ခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်ထွေးက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲအား ကျင်းပရာ အဝါရောင်မျိုးဆက်သစ် ပရဟိတလူငယ်(YGW)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးက သက်ဆိုင်ရာ ပြိုင်ပွဲများအလိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ခဲ့သည်။

ထို့နောက် အခမ်းအနားအပြီးတွင် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**အောင်ကို(ပြန်ဆက်)**



ဖတ်စရာ၊ မှတ်စရာ စုံလင် ယုဂနီလေး

# ကျောင်းဖွင့်ပြီ

* ကျောင်းဖွင့်ပြီ
ကျောင်းဖွင့်ပြီ
ကျောင်းတွေ ဖွင့်နေပြီ ။

* ကျောင်းသွားစို့
ကျောင်းသွားစို့
တို့များ ကျောင်းသွားစို့ ။

* ကျောင်းသွားကြစို့
တို့တစ်တွေရယ်
လွယ်အိတ်လေးတွေ လွယ် ။

* ကျောင်းရောက်ရင်တော့
စာသင်ကြား
ဆရာ ၊ ဆရာမ အလေးထား ။

* စာသင်ကြတဲ့အခါမှာ
စိတ်ပါဝင်စားစွာ
သို့မှသာ ပညာရ
တို့ဘဝအတွက် လွန်လှပ ။

* ပညာရလို့
ကြီးလာရင်
တိုင်းပြည်အတွက် ပင် ။

* ကျရာတာဝန်
ရွက်ကာထား
လုပ်သားကောင်း စိတ်ထား ။ ။

ခင်မောင်(ငါန်းဇွန်)

# ထိုင်းနှင့် ဗီယက်နမ် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများတားဆီးရန် ပူးပေါင်းဆောင်ရွက်မှုအပေါ် သဘောတူ

ဘန်ကောက် မေ ၂၈

ထိုင်းဝန်ကြီးချုပ် အနုတင် ချာဝီရာကူးလ်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် နိုင်ငံတော်သမ္မတ တိုလမ်တို့ ဘန်ကောက်မြို့၌ ယနေ့တွေ့ဆုံခဲ့သည်။

နှစ်နိုင်ငံ လုံခြုံရေးနှင့် စီးပွားရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန် နှစ်နိုင်ငံ ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။ ထို့ပြင် အွန်လိုင်းလိမ်လည်မှုများကဲ့သို့သော နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများကို တားဆီးရန် ပူးပေါင်းဆောင်ရွက်မှုနှင့် ကြိုးပမ်းအားထုတ်မှုများကို တိုးမြှင့်ဆောင်ရွက်ရန်လည်း ၎င်းတို့က သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံစလုံးက အရှေ့အလယ်ပိုင်းမှ ရေနံတင်သွင်းမှုအပေါ် မှီခိုအားထားရသည့် စွမ်းအင်လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကိုလည်း ခေါင်းဆောင်များက ဆွေးနွေးခဲ့သည်။



လက်ရှိကမ္ဘာ့စီးပွားရေး အခြေအနေ မတည်ငြိမ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ထိုင်းနှင့် ဗီယက်နမ်တို့ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ထိုင်းဝန်ကြီးချုပ် အနုတင်က ပြောကြားသည်။

ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပြီး နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတားဆီးရေး ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းအောင် ဆက်လက်လုပ်ဆောင်သွားရန် လိုအပ်ကြောင်း ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် နိုင်ငံတော်သမ္မတ တိုလမ်က ပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြား လေကြောင်း လမ်းကြောင်းသစ်များ ဖန်တီးနိုင်ရန် ရည်ရွယ်ပြီး ထိုင်းခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့က ဗီယက်နမ်လေကြောင်းလိုင်းနှင့် နှစ်နိုင်ငံ ခရီးသွားကဏ္ဍမြှင့်တင်ရန် သဘောတူလက်မှတ် ရေးထိုးခဲ့သည်။

အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်ခဲ့ပြီး အရှေ့တောင်အာရှ၏ ခရီးသွားလုပ်ငန်းများ အပြင်းအထန် ထိခိုက်ခဲ့သည်။ အထူးသဖြင့် အမေရိကန်နှင့် ဥရောပမှ ခရီးသွားဦးရေ ကျဆင်းလာခြင်းကြောင့် အရှေ့တောင်အာရှ လေကြောင်းလိုင်းများအပေါ် သက်ရောက်မှု အများအပြား ရှိခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

## တရုတ်စက်ရုပ်များ မိုရာပက်ရီးရာအက ကပြဖျော်ဖြေ ဆားဘီးယားသမ္မတ အလက်ဇန္ဒာဗူချစ် မြင်တွေ့ခဲ့ရ

ပေကျင်း မေ ၂၈

တရုတ်နိုင်ငံ ဇီကျန်းပြည်နယ်၊ ကျားရှင်းမြို့ရှိ ဆန်းသစ်တီထွင်မှုဇုန်ဟိုဌာနတစ်ခုတွင် မေ ၂၇ က လူသဏ္ဌာန်တူစက်ရုပ်များက ဆားဘီးယားနိုင်ငံ၏ မိုရာဗက်ရီးရာအကကို ကပြဖျော်ဖြေခဲ့ကြရာ ဆားဘီးယားသမ္မတ အလက်ဇန္ဒာဗူချစ်သည် စမတ်နည်းပညာပြသမှုတစ်ခုထက်ပိုသော အရာကို မြင်တွေ့ခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မင့်သ်ဂရူ၏ ဆန်းသစ်တီထွင်မှုဇုန်ဟိုဌာနသို့ သွားရောက်လေ့လာပြီးနောက် သမ္မတ ဗူချစ်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

ဆားဘီးယားရိုးရာအကကို ဖျော်ဖြေတင်ဆက်နိုင်ခြင်းသည် နည်းပညာဆိုသည်မှာ သိပ္ပံပညာနှင့် စက်ပစ္စည်းများသက်သက်သာ မဟုတ်ဘဲ လူမျိုးစုတစ်ခု၏ ရိုးရာဓလေ့များနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာကို နားလည်သဘောပေါက်ခြင်းဖြစ်သည်ဟုလည်း ၎င်းက မှတ်ချက်ချခဲ့ကြောင်း သိရသည်။ Mon

၀-၀-၀-၀-၀




## အေအိုင်ရှယ်ယာများ ပြန်လည်ဦးမော့လာပြီးနောက် နိုင်ငံခြားသားများ ဂျပန်စတော့ရှယ်ယာများ ဝယ်ယူ

တိုကျို မေ ၂၈

အေအိုင်နှင့် သက်ဆိုင်သော ရှယ်ယာများ ပြန်လည်ဦးမော့လာပြီးနောက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် ရှစ်ပတ်ဆက်တိုက် ဂျပန်စတော့ရှယ်ယာများကို ဝယ်ယူခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခင်သီတင်းပတ်အတွင်း နိုင်ငံခြားသားများသည် ဂျပန်စတော့ရှယ်ယာများတွင် အသားတင် ယန်း ၁ ဒသမ ၀၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၇ ဘီလီယံ) ရင်းနှီးမြှုပ်နှံခဲ့ပြီး ယင်းပမာဏသည် ယခင်သီတင်းပတ်က အသားတင်ဝယ်ယူခဲ့သည့် ယန်း ၉၄၈ ဒသမ ၄ ဘီလီယံထက် ၁၄ ရာခိုင်နှုန်းနီးပါး မြင့်တက်လာခြင်းဖြစ်သည်။

နဗီဒီယာကုမ္ပဏီကင်းတို့၏ အဓိက အေအိုင် ချစ်ပ်ပြားများအတွက် ဝယ်လိုအား အလွန်ကောင်းမွန်မည်ဟု ခန့်မှန်းခဲ့ပြီးနောက် နည်းပညာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ခဲ့သည်။

အေအိုင်နည်းပညာတွင် ရင်းနှီးမြှုပ်နှံထားသည့် ဆော့ဖ်ဘန့်ခ်ဂရုသည် ၁၇ ဒသမ ၆၂ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ချစ်ပ်ဒီဇိုင်းထုတ်လုပ်သည့် ဆိုစီယိုနက်စ်သည်လည်း ၁၂ ဒသမ ၂၆ ရာခိုင်နှုန်းအထိ ပြန်လည်ဦးမော့လာခဲ့ကြောင်း သိရသည်။ Mon



## လာမည့်ငါးနှစ်အတွင်း ကမ္ဘာ့ပျမ်းမျှအပူချိန်ပမာဏ စံချိန်တင်အဆင့်နီးပါးအထိ မြင့်တက်လာနိုင်ဟု ခန့်မှန်း

လန်ဒန် မေ ၂၈

လာမည့်ငါးနှစ်အတွင်း ကမ္ဘာ့ပျမ်းမျှအပူချိန်ပမာဏသည် စံချိန်တင်အဆင့်နီးပါးအထိ မြင့်တက်လာနိုင်ပြီး အာတိတ်ဒေသ၏ အပူချိန်များသည် အခြားဒေသများထက် ပိုမိုမြန်ဆန်စွာ ပူနွေးလာနိုင်ဖွယ်ရှိသည်ဟု ကုလသမဂ္ဂ မိုးလေဝသအေဂျင်စီနှင့် ဗြိတိန်မိုးလေဝသရုံးတို့၏ မေ ၂၈ ရက် ထုတ် အစီရင်ခံစာတွင် ဖော်ပြထားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဒေသအလိုက် အပူချိန်နှင့် မိုးရေချိန် ခန့်မှန်းချက်များကို ဖော်ပြထားသည့် အဆိုပါ နှစ်ပတ်လည် အစီရင်ခံစာတွင် ကမ္ဘာ့မြေပြင်အနီး နှစ်စဉ်ပျမ်းမျှအပူချိန်သည် စက်မှုမထွန်းကားမီ ကာလဖြစ်သော ၁၈၅၀ ပြည့်နှစ်မှ ၁၉၀၀ ပြည့်နှစ်အတွင်းရှိ အပူချိန်ထက် ၁ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်စ်မှ ၁ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်စ်အထိ ပိုမိုမြင့်မားလာနိုင်သည်ဟု ခန့်မှန်းထားသည်။

၂၀၁၅ ခုနှစ် ပါရီသဘောတူညီချက်တွင် အစိုးရများသည် ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်မှုကို စက်မှုမထွန်းကားမီ ကာလထက် ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စ်ထက် မကျော်လွန်စေရန် တားဆီးရန် ကတိပြုခဲ့ကြပြီး အဆိုပါအဆင့်ထက် ကျော်လွန်ပါက ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များ ပိုမိုဆိုးရွားလာနိုင်ကြောင်း သိရသည်။ Mon




# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## အာကာသအတွင်းမှ နေရောင်ခြည်စွမ်းအင်ကို ရယူသုံးစွဲနိုင်ရန် ရွေ့လျားအရာဝတ္ထုများထံ ကြိုးမဲ့စနစ်ဖြင့် လျှပ်စစ်ပေးပို့မှုအောင်မြင်



ပေကျင်း မေ ၂၈

အာကာသအတွင်းမှ နေရောင်ခြည်စွမ်းအင်ကို ရယူသုံးစွဲနိုင်ရန် ကမ္ဘာလုံးဆိုင်ရာ ပြိုင်ဆိုင်မှုတွင် တရုတ်သိပ္ပံပညာရှင်များသည် ရွေ့လျားနေသော အရာဝတ္ထုအမြောက်အမြားထံသို့ ကြိုးမဲ့စနစ်ဖြင့် လျှပ်စစ်စွမ်းအင်ကို တစ်ပြိုင်နက်တည်း အောင်မြင်စွာ ပေးပို့နိုင်သည့် မြေပြင်အခြေစိုက်စနစ်တစ်ခုကို စမ်းသပ်နိုင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံ ရှန်စီပြည်နယ်ရှိ သျှီဒီယန်တက္ကသိုလ်မှ ပါမောက္ခလည်းဖြစ်၊ တရုတ်အင်ဂျင်နီယာအကယ်ဒမီ၏ အဖွဲ့ဝင်လည်းဖြစ်သော စုန့်ပေါင်ယန် ဦးဆောင်သည့် နေမင်းနောက်သို့ လိုက်လံရှာဖွေခြင်းစီမံကိန်း သုတေသနအဖွဲ့က အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းအောင်မြင်မှုသည် ကာလရှည်ကြာစွာ စိတ်ကူးပုံဖော်ခဲ့ကြသည့် ပတ်လမ်းကြောင်းအတွက် ကြိုးမဲ့အားသွင်းစခန်းများဟူသော အယူအဆကို လက်တွေ့အကောင်အထည်ပေါ်လာစေရန် ပိုမိုနီးစပ်စေခဲ့သည်။

အဆိုပါစနစ်က မီတာ ၁၀၀ ကျော်အကွာအဝေးမှ ရွေ့လျားနေသော အရာဝတ္ထုအမြောက်အမြားထံသို့ လျှပ်စစ်စွမ်းအင် ၁၁၈၀ ဝပ်ကို အောင်မြင်စွာ ပေးပို့နိုင်ခဲ့သည်။

ထိုကဲ့သို့ တစ်ခုမှ အများအပြားထံသို့ ရွေ့လျားနေစဉ် ဝိုင်ယာလက်စနစ်ဖြင့် လျှပ်စစ်စွမ်းအင်ပေးပို့နိုင်မှုကို အောင်မြင်စွာ သရုပ်ပြနိုင်ခဲ့ခြင်းသည် အဆိုပါနည်းပညာကို လက်တွေ့အင်ဂျင်နီယာလုပ်ငန်းခွင်များတွင် အသုံးပြုနိုင်ရန် ပိုမိုနီးစပ်သွားစေခဲ့ကြောင်း သိရသည်။ Mon

STOP AIDS

# မြို့နယ်ဘောလုံးအဖွဲ့ချုပ်များဖွဲ့စည်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း

**မန္တလေး မေ ၂၈**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိမြို့နယ် ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းရေးဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ ၂၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယ ပညာဦးစီးဌာန အစည်းအဝေး ခန်းမတွင် ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာနညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် မြို့နယ်အား/ကာ ဦးစီးအရာရှိများ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အယူခံကော်မတီမှ ဦးအေးမောင်ကြီး မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌများ တက်ရောက်ခဲ့သည်။

ညှိနှိုင်းဆွေးနွေးရာတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အယူခံကော်မတီက နိုင်ငံလက်ရွေးစင်ဘောလုံးသမား တစ်ဦးဖြစ်ဖို့ရန်အတွက် အောက်ခြေအဆင့်ဖြစ်သော မြို့နယ်အဆင့်မှသည် ခရိုင်တိုင်း ကလပ်အသင်းများကို ဖြတ်သန်းပြီးမှသာ နိုင်ငံလက်ရွေးစင်သမားကောင်းဖြစ်လာသောကြောင့် အောက်ခြေမြို့နယ်ဘောလုံးအဖွဲ့ချုပ်များသည် အရေးပါသော အခန်းကဏ္ဍတွင်ရှိကြောင်း သို့ဖြစ်ပါသောကြောင့် မဖွဲ့ရသေးသော မြို့နယ်ဘောလုံးအဖွဲ့ချုပ်များကို သက်ဆိုင်ရာတိုင်း အား/ကာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ဖွဲ့စည်းရန် လိုအပ်ကြောင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက မြို့နယ်ဘောလုံးအဖွဲ့ချုပ် မဖွဲ့လည်းရသေးသောမြို့နယ်များ ဖွဲ့စည်းရန်အတွက် ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်ရမည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကာ မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌက ဖွဲ့စည်းရေးနှင့် ပတ်သက်၍ တင်ပြဆွေးနွေးခဲ့သည်။



ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဦးယုကြိုင်က ဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ တင်ပြဆွေးနွေးပြီး တက်ရောက်လာကြသော မြို့နယ်အား/ကာ ဦးစီးအရာရှိများနှင့် မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌများက မရှင်းလင်းသည့် အချက်များကို ဆွေးနွေးရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၃၂)



# မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ပုဗ္ဗသီရိ မေ ၂၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေး ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်း လုပ်ငန်းများကို မေ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပုဗ္ဗသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးညီညီဝင်း ဦးဆောင်၍ မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင် ငါးဆိုင်အား ဆီဆိုင်တာဝန်ခံများနှင့် ပူးပေါင်း၍ မီးဘေးလုံခြုံရေးအတွက် မီးဘေး ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်း၊ မီးဘေး ကြိုတင်ကာကွယ်ရေးပစ္စည်းများအား ကျွမ်းကျင်စွာ အသုံးပြုနိုင်ရေးအတွက် အကြံပေးခြင်းနှင့် လက်တွေ့စမ်းသပ်စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**အောင်ကို(ပြန်ဆက်)**

# "လမင်း"စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ထုတ်ပေး

**တံတားဦး မေ ၂၈**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ်တွင် အစိုးရသစ်လက်ထက် ရက်(၁၀၀) "လမင်း" စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ထုတ်ပေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံး၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးခင်မော်ဇော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးမျိုးသန့်နှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ထုတ်ပေးနိုင်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ဆောင်ရွက်ပြီးစီးမှုများအား ဒေသခံပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

(အောက်ပုံ)

တံတားဦးမြို့နယ်အနေဖြင့် အစိုးရသစ်လက်ထက် ရက်(၁၀၀) "လမင်း" စီမံချက်ဖြင့် အသက်(၁၀)နှစ်နှင့်အထက် ဒေသခံပြည်သူ ၂၃၂ ဦး၊ အသက်(၁၈)နှစ်နှင့်အထက် ဒေသခံပြည်သူ ၆၁ ဦးနှင့် UID ကတ် ၁၀၃၁ ကတ်တို့ ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များကို ဆက်လက် ပြုလုပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးမှ သိခဲ့ရသည်။

**ရဲတင့်(ပြန်/ဆက်)**





# ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ်ကျင်းပ

**သရက် မေ ၂၈**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့၌ "နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်နှင့်အညီ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ်ကျင်းပခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အမှတ်(၃)အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့်သီဆို၍ ဖွင့်လှစ်ပေးခဲ့ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကား ပြောကြားရာမှာ နိုင်ငံတော်အနေနှင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသော "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့" ဆိုသော ဆောင်ပုဒ်နှင့်အညီ ယနေ့ခေတ်လူငယ်၊ လူရွယ်များကို စနစ်သစ်ပညာရေးဖြင့် အခြေခံအုတ်မြစ်ဖြစ်သော အခြေခံပညာကျောင်းအသီးသီးရှိ ကျောင်းသား၊ ကျောင်းသူများကို စိတ်ဓာတ်၊ စည်းကမ်း၊ ပညာရပ်များတွင် ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းများဖြစ်စေရန် ပညာရေးတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများမှ စေတနာ၊ ဝါသနာ၊ အနစ်နာ၊ စံနမူနာ၊ ကရုဏာဆိုသော နာပေါင်းများစွာဖြင့် ကိုယ့်ရဲ့တပည့်များကို ရင်ဝယ်သားကဲ့သို့ မခြား ပြုစုပျိုးထောင်ပေးရန် တိုက်တွန်းပြော ကြားခဲ့သည်။

ထို့နောက် ခရိုင်ပညာရေးမှူးက ပညာရေးလမ်းညွှန်အမှာစကား ပြောကြားပေးခဲ့ပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးသည့် ပစ္စည်းများအား လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူ အသီးသီးက ပေးအပ်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံပေးခဲ့သည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မေကျော်က ကျေးဇူးတင်စကားပြောကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ဇော်ထက်(သရက်)**

# မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှုဆပ်ကော်မတီမှ ကြီးမှူး၍ ၂၀၂၆ ခုနှစ်ရွှေမန်းမောင်/ မယ် ပြိုင်ပွဲကျင်းပမည်

**မန္တလေး မေ ၂၈**

မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီမှ ကြီးမှူး၍ ၂၀၂၆ ခုနှစ် ရွှေမန်းမောင်၊ ရွှေမန်းမယ် ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇွန် ၂၈ ရက် နံနက် ၁၀ နာရီတွင် ချမ်းမြသာစည်မြို့နယ်၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြား၊ ၆၈လမ်းရှိ မန္တလာသီရိအားကစားကွင်း၊ ဘက်စုံသုံး အားကစားခန်းမတွင် ကျင်းပမည်။



ပြိုင်ပွဲတွင် 60 Kg အထိ ကာယဗလပြိုင်ပွဲ၊ 65 Kg အထိ ကာယဗလပြိုင်ပွဲ၊ 70 Kg အထိ ကာယဗလပြိုင်ပွဲ၊ 70 Kg အထက် ကာယဗလပြိုင်ပွဲ၊ All Round၊ Men's sport Physique 170 cm Men's sport Physique 170 cm အထက်၊ Men's Athletic Physique၊ Women's Model Physique 160 cm အထိ Women's Model Physique 160 cm အထိ Women's Athletic Physique ပြိုင်ပွဲများ ပါဝင်သည်။

ပြိုင်ပွဲဝင်ပုံစံများကို ဇွန် ၂ ရက်တွင် ထုတ်ပေးမည်ဖြစ်ပြီး ခါးနံပါတ်များကို ဇွန် ၂၆ ရက် နံနက် ၈ နာရီတွင် ချမ်းအေးသာစံမြို့နယ် လမ်း၃၀ရှိ ဗထူး ကာယဗလ လေ့ကျင့်ရေးစခန်းတွင် ပေးအပ်မည်။ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ဆရာနေဆန်း၊ ဖုန်း ၀၉-၇၉၅၆၈၁၂၂၇၊ ဆရာကျော်စန်းမောင် ဖုန်း ၀၉-၂၅၉၁ ၄၄၀၃နှင့် ဆရာဇော်ကြီး ဖုန်း ၀၉-၂၀၆၀၀၉၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

**မောင်ပြည်သူ(မန္တလေး)**

*- *- *- *- *

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(ခ/၃၄၉)၊ အကျယ်ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဦးသောင်းရွှေ အမည်ပေါက် ဂရန်မြေကွက်အနက်မှ အရှေ့ဘက်ခြမ်း (၁၅ပေ× ပေ၄၀) အကျယ်အဝန်းရှိ တစ်ထပ်နံကပ်အဆောက်အအုံ၊ ရေတိုင်၊ လျှပ်စစ်မီတာပါဝင်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ယဉ်မင်းဆွေ(ဘ)ဦးတင့်ဆွေ(၉/မရမ(နိုင်)၀၈၁၃၉၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးမြင့်သူ (LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ)**

**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉–၄၃၀၁၁၁၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(စ/၁၇၄)၊ အကျယ် ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဗိုလ်ငွေးလွင် အမည်ပေါက် စလစ်မြေကွက်အနက်မှ အရှေ့ဘက်ခြမ်း ပေ (၃၀×၄၀) မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်အားမေ(ဘ)ဦးမြန်ချင်း(၉/အမဇ(နိုင်)၀၂၂၀၆၄) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးမြင့်သူ (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉–၄၃၀၁၁၁၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၂၉)၊ ဦးပိုင်အမှတ်(၅၃) မြေကွက်သည် ဒေါ်ရွှေအပ် အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ တောင်အစွန်ဆုံးခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိသောမြေနှင့် အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာအပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ခင်အေးရီ(ခ)ဒေါ်အေး သက်ခိုင်ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသ ဖြစ်သောငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း (ဥပဒေဘွဲ့) (တရားလွှတ်တော်ရှေ့နေ)**

**တတ–၄၆/၁၆၊ ၅၇–စီလမ်း၊ ၁၂၄လမ်းနှင့်၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၆၅၃၈၉၉၇၂၊ ၀၉–၄၃၁၆၉၄၂၈**

## ကြော်ငြာစာ (အိမ်ဆောက်မိန့် )

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီ အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၃)၊ ဦးပိုင်အမှတ်(၂၅)၊ မြေကွက်ပေါ်တွင် ဦးဆမ်သဝမ်းဆင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမဇ(ပြု)၀၀၀၂၅၄)က RC-၂ အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနီပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ်(၅၁-က+၅၁-ခ)၊ မြေကွက်ပေါ်တွင် ဦးအောင်မျိုးပိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၂/ဘလခ(နိုင်)၀၀၄၆၉၆)က RC-၂ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၉)၊ ဦးပိုင်နံပါတ်(၄၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိ ဦးစံသိန်း အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ဆိုင်ခဲ့သူ(ဖခင်) ဦးစံသိန်း ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပူးတွဲပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်မြမြစန်း(၉/မနမ(နိုင်)၀၅၄၄၂၃)၊ ဦးစိုးနိုင်(၁၂/မရက(နိုင်)၀၃၁၁၆၆)၊ ဦးဝင်းသိန်း(၉/မနမ(နိုင်)၀၅၄၈၃၇)နှင့် ဒေါ်ဝင်းဝင်းမော်(၉/မနမ(နိုင်)၀၅၄၈၃၆)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| | **ဦးတင်အောင်မိုး (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | | **ဒေါ်အိအိမွန် (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်ယုသစင်အောင် (LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဦးဖြိုးသာခန့် (LL.M)**<br>**အထက်တန်းရှေ့နေ** | **ဦးစည်သူအောင် (LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်သဲမို့မို့ထွန်း (LL.B)**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၄)၊ ဦးပိုင်နံပါတ်(၁၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ထက်ထက်ရီ(ဘ)ဦးအုန်းထွန်း(ခ)ဦးမောင်မောင်(၉/မကန(နိုင်)၁၀၀၀၉၁) [၄င်း၏ကိုယ်စား အစ်ကိုဖြစ်သူ ဦးအောင်မြင့်ဦး(ဘ)ဦးအုန်းထွန်း(ခ)ဦးမောင်မောင်(၉/ပမန(နိုင်)၁၃၄၅၀၇)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| | **ဦးတင်အောင်မိုး (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | | **ဒေါ်အိအိမွန် (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်ယုသစင်အောင် (LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အေးနန္ဒာထွန်း (LL.B)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်မာလာစိုး (LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်ဖူးသန့်မွန် (LL.B)**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်၊ အမှတ်(၁၂၅)၊ ၇၄လမ်း၊ ၂၈လမ်းနှင့်၂၉လမ်းကြားနေ ဦးအောင်ကျော်လင်း(ဘ) ဦးထွန်းရွှေ(၉/ခအဇ(နိုင်)၀၄၅၈၇၁)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးအောင်ကျော်လင်းမှာ လက်ရှိအချိန်အထိ လူမှုရေး၊ စီးပွားရေး၊ မိသားစုကိစ္စများတွင် နာမည်ပျက်တစ်စုံတစ်ရာမရှိဘဲ ကောင်းသတင်းဖြင့် လက်ရှိစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။

ထိုသို့ ကောင်းသတင်းများဖြင့် ရပ်တည်နေသည့်အပေါ် Facebook, Messenger, Viber, Telegram, What App, We Chat, Instagram, Linkedin, Twitter, Tikrok, You Tube စသည့် ဆိုရှယ်မီဒီယာ(Social Media)များ၊ လူမှုကွန်ရက်စာမျက်နှာများ။ အင်တာနက်စာမျက်နှာများတွင် ဦးအောင်ကျော်လင်း၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်များဖြင့် အထင်မြင်မှားစေသည့် မြန်မာလို(သို့မဟုတ်)အင်္ဂလိပ်လို အရှည်ကောက်ဖြစ်စေ၊ အတိုကောက်ဖြစ်စေ၊ ဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းများဖြင့်ဖြစ်စေ၊ အမည်များမှည့်၍ Page များထောင်ခြင်း၊ အကောင့်များဖွင့်ခြင်း၊ Group များထောင်ခြင်း၊ Post များတင်ခြင်း၊ ဦးအောင်ကျော်လင်း ထိခိုက်နစ်နာစေရန်၊ အသရေပျက်စေရန် ရေးသားပြောဆိုခြင်းများ၊ အကျိုးစီးပွားကို ထိခိုက်နစ်နာစေသည့် မဟုတ်မမှန်သည့် သတင်းအချက်အလက်များ၊ အကြောင်းအရင်း တစ်စုံတစ်ရာကိုမှန်ကန်မှု ရှိ/မရှိ တိတိကျကျသိရှိခြင်း မရှိဘဲ ဝေဖန်ရေးသားပြောဆိုခြင်း၊ စွပ်စွဲပြောဆိုခြင်း၊ မှတ်ချက်ပြုခြင်း၊ ဖြန့်ဝေခြင်း၊ တစ်ဆင့်ပြန့်ပွားစေခြင်း၊ လှုံ့ဆော်ပေးခြင်းများ(လုံးဝ) မပြုလုပ်ကြပါရန် ထိုသို့ ပြုလုပ်ဆောင်ရွက်သူ မည်သူမဆို တွေ့-မြင်-ကြား သိရပါက သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ဆက်သွယ်ရေးဥပဒေအရဖြစ်စေ လိုအပ်သလို ထိရောက်စွာ ဖော်ထုတ်အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသီဟအောင် (LL.B) အထက်တန်းရှေ့နေ(စဉ်– ၂၉၆၁၂)**

**၆၅လမ်းနှင့်၆၆လမ်းကြား၊ လမ်း၃၀(အေ)လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၅၉၁၂၀၀၄၇**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၄)၊ ဦးပိုင်အမှတ် (၇၃-ဆ)၊ ဧရိယာ(၀ ဒသမ ၀၂)ဧက အကျယ်အဝန်းရှိသော ဗိုလ်မှူးကျော်အေး(ငြိမ်း) အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊ အဝီစိတွင်း၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၂၃-၄-၂၀၂၅)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၉၂၀/၂၀၂၅)အရ တရားဝင်ပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဦးနေမင်းထွန်း(ဘ)ဦးချို‌ဝင်း(၉/အမဇ(နိုင်)၀၁၂၂၂၅)၊ (၂) ဒေါ်စပယ်လှိုင်(ဘ)ဦးသန်းရွှေ(၁၃/ကမန(နိုင်)၀၈၉၀၂၃)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**

**Office – အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**

**ladylawyer. khinninisoe@gmail.com**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၂၆)၊ ဦးပိုင်အမှတ်(၁၆-က)၊ ၃၃လမ်းနှင့် ၃၅လမ်းကြား၊ လမ်း၉၀ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလှမြင့်(၉/မနတ(နိုင်)၀၂၄၆၀၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၃၁)၊ ဦးပိုင်အမှတ်(၁၀-ဠ)၊ ၉၁လမ်း၊ ၂၉လမ်းနှင့် လမ်း၃၀ကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်မာမာအေး(၉/မတရ(နိုင်)၁၂၉၉၂၇)က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၈)၊ ဦးပိုင်အမှတ်(၅)၊ ၁၄လမ်းနှင့် ၁၅လမ်းကြား၊ လမ်း၈၀နှင့် ၈၁လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ဆယ်(ခ)ချီဆီရှိုင်း(၁၃/လရန(နိုင်)၀၇၆၇၇၁)က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၂)၊ ဦးပိုင်အမှတ်(၁-မ/၃)၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၆၃လမ်းနှင့် ၆၄လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်နန်းရွှေစိန်(၉/မရတ(နိုင်)၀၄၄၇၁၉)က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၂)၊ ဦးပိုင်အမှတ်(၁-မ/၅)၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၆၃လမ်းနှင့် ၆၄လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်နန်းရွှေစိန်(၉/မရတ(နိုင်)၀၄၄၇၁၉)က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၆)၊ ဦးပိုင်အမှတ်(၁၀၄-ဏ)၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ ၅၈လမ်းနှင့် လမ်း၆၀ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီတာဝင်း(၉/မရမ(နိုင်)၀၄၆၄၆၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၂)၊ ဦးပိုင်အမှတ်(၁-ဠ)၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၆၃လမ်းနှင့် ၆၄လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်နန်းရွှေစိန်(၉/မရတ(နိုင်)၀၄၄၇၁၉)က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(နန-၆)၊ ဦးပိုင်အမှတ်(၄၇)ခဲစင်း၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၃၂လမ်းနှင့် ၁၃၃လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်စိန်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၃၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သော ဒေါ်နွဲ့နွဲ့ဝင်း(၈/မမန(နိုင်)၁၄၀၁၈၇)၊ ဒေါ်နှင်းယုလွင်(၉/ပကခ(နိုင်)၀၅၈၄၈၃)တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၂၆၂/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(နန-၆)၊ ဦးပိုင်အမှတ်(၄၇)ခဲစင်း၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၃၂လမ်းနှင့် ၁၃၃လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်စိန်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၃၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွဲ့နွဲ့ဝင်း(၈/မမန(နိုင်)၁၄၀၁၈၇)၊ ဒေါ်နှင်းယုလွင်(၉/ပကခ(နိုင်)၀၅၈၄၈၃)တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၂၆၃/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၈)၊ ဦးပိုင်အမှတ်(၅၇)ခဲစင်း၊ ၆၁(A)လမ်း၊ ၁၁၃လမ်းနှင့် သံလမ်းကြားရှိ ဦးမြင့်အောင်အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၅၆၇/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်စိန်စိန်ဦး(၉/မရတ(နိုင်)၀၂၃၆၃၃)၊ ဦးအောင်မျိုးဦး(၉/ခမစ(နိုင်)၀၄၃၅၀၂)၊ ဦးကျော်မင်းဦး(၉/ခမစ(နိုင်)၀၄၃၅၀၃)၊ ဒေါ်နှင်းပွင့်ဖြူ(၉/ခမစ(နိုင်)၀၄၃၅၀၄)တို့က အမှုတွဲအမှတ်(၀၂၈၅/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၀)၊ ဦးပိုင်အမှတ်(၉)၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ ၁၄၁လမ်းနှင့် ၁၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ (ခင်ပွန်း) တပ်ကြပ်ကြီး သန်းနိုင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၇၉၀/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သည့် ကျန်ရစ်သူ(ဇနီး) ဒေါ်အုံးကျင်(၉/မမန(နိုင်)၀၀၇၅၈၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ မြစ်လောင်းရပ်ကွက်၊ အကွက်အမှတ်(B-5/၃)၊ ဦးပိုင်အမှတ်(၃၀)၊ ရန်-မန်းလမ်းမျက်နှာပြု၊ တမုတ်ဆိုးမြောင်းတောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ဆန်း(၉/မနတ(နိုင်)၀၃၇၃၂၀)၊ ဦးထွန်းထွန်း(၉/မနမ(နိုင်)၁၂၀၄၀၄)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၄၆/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးနော်တူးအောင်(၉/ငဇန(နိုင်)၁၁၇၇၅၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၈)၊ ဦးပိုင်အမှတ်(၅၇)ခဲစင်း၊ ၆၁(A)လမ်း၊ ၁၁၃လမ်းနှင့် သံလမ်းကြားရှိ ဦးမြင့်အောင်အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၅၆၇/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်စိန်စိန်ဦး(၉/မရတ(နိုင်)၀၂၃၆၃၃)၊ ဦးအောင်မျိုးဦး(၉/ခမစ(နိုင်)၀၄၃၅၀၂)၊ ဦးကျော်မင်းဦး(၉/ခမစ(နိုင်)၀၄၃၅၀၃)၊ ဒေါ်နှင်းပွင့်ဖြူ(၉/ခမစ(နိုင်)၀၄၃၅၀၄)တို့က အမှုတွဲအမှတ်(၀၂၈၄/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ် (၄၁၅-N)၊ ဦးပိုင်အမှတ်(၂၁၀-ဏ)ခဲစင်း၊ ၁၁လမ်းနှင့် ၁၂လမ်းကြား၊ မဟာသန္တာရုံကျောင်းလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မိုးသီတာလင်း(၉/မနမ(နိုင်)၀၈၈၀၀၀)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၄)၊ ဦးပိုင်အမှတ်(၅၉)၊ အောင်သဗ္ဗာလမ်းနှင့် အောင်မေတ္တာမွှောရုံလမ်းကြား၊ ၆၇လမ်းနှင့် ၆၉လမ်းကြားရှိ ဒေါ်ခင်မာအေးအမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၀၉/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးအောင်သိန်း(၉/မရမ(နိုင်)၀၇၅၁၁၈)က အမှုတွဲအမှတ်(၀၂၇၈/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၁၁)၊ ဦးပိုင်အမှတ်(၅၅)၊ ၆၃လမ်း၊ ၃၉လမ်းနှင့် လမ်း၄၀ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ တပ်သား ဆွေဝင်းထံမှ ပိုင်ဆိုင်ကြောင်းကြေငြာစာချုပ်အမှတ်(၁၇၈၁/၁၉၉၅)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်လီအန်ဆေး၏ (GP ရရှိသူ ဒေါ်စင်ဂျီး)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၄၂၃၁/၂၀၀၂)ဖြင့် ဝယ်ယူခဲ့သူ ဦးဇမ္ဗိန်းလုံးနှာ(ခ)ဝင်းအောင်(၅/ကလထ(နိုင်)၀၉၆၆၉၇)က အမှုတွဲအမှတ်(၀၂၇၀/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၀၉)၊ ဦးပိုင်အမှတ်(၆၈)၊ ၂၂လမ်းနှင့် ၂၆လမ်းကြား၊ ၉၁လမ်းကြားရှိ ဦးမောင်ဦး၊ ဒေါ်ဝင်းဝင်းနိုင်အမည်ပေါက် ဂရန်မြေကွက်အား ဇနီး ဒေါ်ဝင်းဝင်းနိုင်ကွယ်လွန်၍ ကျန်ရစ်သူပူးတွဲအမည်ပေါက်သူခင်ပွန်း ဦးမောင်ဦး(၅/ထခန(နိုင်)၀၂၂၈၄၈)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၆)၊ ဦးပိုင်အမှတ်(၃၅)၊ ၄၈လမ်းနှင့် ၄၉လမ်းကြား၊ ၁၁၅လမ်းနှင့် ၁၁၆လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ဌေး၏ (SP ရရှိသူ ဦးမျိုးမင်းဆွေ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၀၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝင်းဝင်းအေး(၉/ရမသ(နိုင်)၀၈၆၀၉၅)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၂၇၃/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၁)၊ ဦးပိုင်အမှတ်(၂၀)၊ ၁၀၂လမ်းနှင့် ၁၀၃လမ်းကြား၊ ၅၉လမ်းနှင့် သံလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူး ထွန်းအောင်ကြီးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၇၄၅/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဦးခိုင်ဝင်း(၁၂/ဗတထ(နိုင်)၀၀၀၀၇၈)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၂၈၈/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၃၃)၊ ဦးပိုင်အမှတ်(၈-က)၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊ ၃၇လမ်းရှိ ကိုသောင်းဌေး၊ မလုံးခင်အမည်ပေါက် ဘိုးဘမြေကွက်အား ခင်ပွန်း ဦးသောင်းဌေးကွယ်လွန်၍ ကျန်ရစ်သောပူးတွဲအမည်ပေါက်သူ ဇနီး ဒေါ်လုံးခင်(၉/မရတ(နိုင်)၀၆၁၅၆၉)က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၃)၊ ဦးပိုင်နံပါတ်(၆၃)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးထွန်းမောင်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရဲဝဏ္ဏ(ဘ)ဦးခင်မောင်တိုး(၉/ခအဇ(နိုင်)၀၀၂၉၄၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်း မူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်သူစာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၁၇)၊ ဦးပိုင်နံပါတ်(၃၉-ခ)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက (၃၀×၄၅)ပေ အကျယ်အဝန်းရှိ ဦးစိုးထွန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း(၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမောင်မြင့်(ခ)ဦးခင်မောင်မြင့်(ဘ)ဦးကွင်း(၉/မနမ(နိုင်)၀၂၆၃၈၈) (၎င်း၏ကိုယ်စား သမီးဖြစ်သူ ဒေါ်တင့်မြို့ဝေ(ဘ)ဦးမောင်မြင့်(၉/ပကခ(နိုင်)၀၁၉၀၅၀))ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်း မူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်သူစာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေး အဖွဲ့ကွပ်ကဲမှုအောက်ရှိ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားသော အောက်ဖော်ပြပါ မြို့ရေပေးရေးလုပ်ငန်း Lot (1)ခုအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | အတိုင်းအတာ |
|---|---|---|
| (က) | ဆင်လမ်းဆည်မှ ဗိုလ်ချုပ်လမ်းမီးပွိုင့်အထိ၁၂"ရှိ HDPE ပိုက်(၃၀၂၀၀)ပေ သွယ်တန်းခြင်း | (၃၀၂၀၀)ပေ |
| (ခ) | BOC အဝိုင်းမှ Ruby Mart ထောင့်ထိ(၂)ဖက် ပေါင်း၁၀"PVC ပိုက် (၂၃၀၀၀)ပေသွယ်တန်းခြင်း | (၂၃၀၀၀)ပေ |
| (ဂ) | ရကက(၇)ရထားလမ်းမှ ရကက(၁၀)ဇမ္ဗူဒီပလမ်း အထိ၁၀"PVC ပိုက် (၁၁၂၀၀)ပေ သွယ်တန်းခြင်း | (၁၁၂၀၀)ပေ |

လျှောက်လွှာစတင်ရောင်းချရက် - ၂၉-၅-၂၀၂၆

တင်ဒါနောက်ဆုံးတင်သွင်းရက် - ၁၂-၆-၂၀၂၆

တင်ဒါဖွင့်လှစ်မည့်ရက် - ထပ်မံအသိပေးသွားပါမည်

လျှောက်လွှာဝယ်ယူရမည့်နေရာ - ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ဖုန်း ၀၉-၅၀၃၇၆၉၉၊ ၀၉-၂၀၂၃၁၂၄၊ ၀၉-၂၁၇၄၃၂၄၊ ၀၉-၄၃၀၇၀၄၆၀

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၆)၊ ဦးပိုင်အမှတ်(၁၁)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးခင်အောင်(ဘ)ဦးလွှား (TBN -၀၂၇၈၆၀) အမည်ဖြင့် မြေနေရာချထားရရှိသော မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း (၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ ရေ+မီး(ဆက်လက်သုံးစွဲခွင့်)အပါအဝင် နေထိုင်ပိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်၊ ကိုယ်စားလှယ်လွှဲစာတို့ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူဟုအဆိုပြုသူ ဦးကွယ်ရှန်း(ဘ)ဦးဟော်ချွန်ထန့် (၁၃/ဟပန(နိုင်)၀၈၄၆၁၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက် အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်နိုင်ထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**တတ-၂၃/၂၆၊ ၁၂၄လမ်း၊ ၅၃(စီ)လမ်း၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၇၂၀၀၉၉၊ ၀၉-၄၀၂၆၇၈၇၂၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၉)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧကရှိ ဦးမျိုးမင်းအမည်ပေါက် ရှိသောဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိကဝယ်ယူပိုင်ဆိုင်ခဲ့၍၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းနိုင်မြင့်(အဘ)ဦးမြင့်စိန်(ခ)ဦးလေးမြင့်(၁၃/တကန(ဧည့်)၀၀၁၅၂၀)၏ ကိုယ်စားလက်မှတ်ရေးထိုးသူ ဦးစိုင်းသိန်းဆိုင်(ဘ)ဦးမြင့်စိန်(ခ)ဦးလေးမြင့်(၁၃/တကန(ဧည့်)၀၀၁၆၃၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးခိုင်**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဆ-၇/စ၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှဝင်ရမည်။)၊ မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း

**Real Property Agent Development Association of Mandalay Region (RPADAMR)**

**(အသင်းမှတ်ပုံတင်အမှတ်-၁၀၄၀၇၈၈၁၈)**

**၂၉လမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်။ ဖုန်း ၀၉-၇၉၇၄၄၄၄၇၀၊ ၀၉-၅၃၅၂၃၅၀**

**"ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ဖိတ်ကြားခြင်း"**

(၂၀၂၂-၂၀၂၅)ခုနှစ်(တတိယမြောက်သက်တမ်းကာလ)၊ ဆဋ္ဌမအကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များအားလုံး တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**(ဖိတ်စာမရရှိသော်လည်း ဤကြော်ငြာစာကို ဖိတ်စာကဲ့သို့ မှတ်ယူ၍ တက်ရောက်ကြပါရန်)**

**ကျင်းပမည့်နေ့ရက်** – **၂၀၂၆ခုနှစ်၊ ဇွန်လ(၂၀)ရက်၊ (စနေနေ့)**

**ကျင်းပမည့်အချိန်** – **နံနက်(၉)နာရီမှ ညနေ(၅)နာရီထိ**

**ကျင်းပမည့်နေရာ** – CEREMON GRAND Ballroom **၅၃လမ်းနှင့် ၃၂လမ်းထောင့်၊ ကံကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

မှတ်ချက်။ ။ (၁) နံနက်(၈ နာရီ ၃၀ မိနစ်) အရောက် နေရာယူပေးပါရန်။

(၂) ဘောင်းဘီတို၊ စကပ်တိုဖြင့် တက်ရောက်ခွင့်မပြုပါ။

(၃) ကံစမ်းမဲအစီအစဉ်နှင့် ကျွေးမွေးဧည့်ခံမည့်အစီအစဉ်များ ပါရှိပါသည်။

(၄) အသင်းဝင်များသာ တက်ရောက်ခွင့်ရှိပါသဖြင့် အသင်းဝင်ကတ်(သို့မဟုတ်)ငွေသွင်းပြေစာများ ယူဆောင်လာခဲ့ပါရန်။

(၅) အသင်းသားစုံညီအစည်းအဝေးကြီးတွင် အခြားသော လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများမှ မိမိတို့၏ လုပ်ငန်းများ အောင်မြင်စေရန်အတွက် ကြော်ငြာများ ထည့်သွင်းလိုပါက အထက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(ဗဟိုအလုပ်အမှုဆောင်ကော်မတီ)**

**မန္တလေးတိုင်းဒေသကြီးအိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၇)၊ ဦးပိုင်အမှတ်(၂၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးဘိုဝင်း အမည်ဖြင့်မြေနေရာချထားရရှိသည့် မြေကွက်အတွင်း မြောက်အစွန်ဆုံးခြမ်း (၁၅×၄၀)ပေအကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြော ဆိုဝန်ခံကတိပြုသူ ဦးအေးမင်းထွန်း(ဘ)ဦးအေးကြူ(၈/ဆပဝ(နိုင်)၀၅၂၈၀၅)နှင့် ဒေါ်သီရိမော်(ဘ)ဦးအေးကြူ(၉/ခမစ(နိုင်)၀၁၄၂၆၀)တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများကိုယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြူသီမြင့် (LL.B, DBL)**

**တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၁၁၅၉၅၄၄**

## ဒေါ်ရီရီခိုင်

## အသက်(၉၂)နှစ်

## ဓမ္မာကျွန်းထိန်းအဆောင်(၁) (ငြိမ်း)

## မြစ်ကြီးနားတက္ကသိုလ်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့အမှတ်(၂၈)စာတိုက် တန်းရပ်(ဦးစက်ဟုတ်+ဒေါ်ထွေးရင်)တို့၏သမီး (ဦးချမ်းစိန်)၊ (ဒေါ်နွေးနွေး)၊ (ဒေါ်တုတ်တုတ်)၊ (ဒေါ်စုစုစိန်)၊ (ဦးမောင်မောင်စိန်)၊ (ဒေါ်မိုးမိုးအေး)၊ (ဒေါ်ကြည်ကြည်)၊ (ဦးထင်အောင်စိန်)၊ (ဦးအောင်အောင်) တို့၏ညီမ/အမ ဒေါ်နန်းဇင်ယဉ်၊ ဒေါ်ခင်ညို ဝင်း၊ ဒေါ်ညွန့်ညွန့်စိန်(ဒေါ်ဒေသုကာရီ)တို့၏ ချစ်လှစွာသောအမ၊ ဒေါက်တာအောင်ကျော်သူ၊ ဒေါက်တာချမ်းဟိန်းထွန်း၊ ဒေါက်တာ သီဟထေဒ၊ မဟန်စုယဉ်+ဒေါက်တာနေသီဟတို့၏ ချစ်လှစွာသော အဒေါ်သည်(၂၇-၅-၂၀၂၆)ရက်နေ့ နံနက် (၁၀း၃၀) အချိန်တွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် (၃၁-၅-၂၀၂၆)ရက်နေ့တွင် အေးရိပ်ငြိမ်(ကြာနီကန်) ယူနန်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါ၍ နံနက်(၁၀း၃၀)အချိန်တွင် ဈ-ထ/၂၃ဇွန်ပန်းလမ်း၊ ဈေးချို၊ ထန်းတပင်ရပ် (မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတောင်ဘက်)နေအိမ်မှ ကားများထွက်ခွာပို့ဆောင်မည် ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအားလုံးကို အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

❖ နိုင်ငံတော် ရှေးသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောသည် ဘယ်လာရုစ် သမ္မတနိုင်ငံ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ- ဘယ်လာရုစ် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံဗဟိုဘဏ်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့မှုနှင့် ဗဟိုဘဏ်အချင်းချင်း နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အထောက်အကူပြုနိုင်မည့် ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတဦးညိုစောနှင့်အတူ ဒုတိယဝန်ကြီး ဦးခင်လတ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့်အတူ ဟနွိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir BARAVIKOU နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



ဒုတိယသမ္မတ ဦးညိုစော ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# ကမ္ဘောဒီးယားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၇၅ ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်



ကမ္ဘောဒီးယားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား တပ်မတော်လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်စဉ်။

ရန်ကုန် မေ ၂၈

နိုင်ငံတော်အစိုးရသည် ပြည်ပတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ အခက်အခဲများ ကြုံတွေ့လာပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့်အနေဖြင့် မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့က သက်ဆိုင်ရာ နိုင်ငံများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာသံရုံး(ဖနောင်ပင်)သို့ ကမ္ဘောဒီးယားနိုင်ငံ နယ်စပ်ဒေသများရှိ စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ❒

# AFC Grassroots Football Day 2026 အထိမ်းအမှတ် Football Festival များ တစ်ပြိုင်တည်း ကျင်းပ

ရန်ကုန် မေ ၂၈

အာရှဘောလုံးအဖွဲ့ချုပ် (AFC)၏ AFC Grassroots Football Day 2026 ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ လူငယ်များ ဘောလုံးအားကစားကို ပိုမိုချစ်ခင်မြတ်နိုးလာစေရန် ရည်ရွယ်၍လည်းကောင်း Football Festival ပွဲတော်များကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့၊ တောင်ကြီးမြို့၊ ပုသိမ်မြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပြိုင်တည်း ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ Football Festival ပွဲတော်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘောလုံးကွင်းများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး၊ မြို့အလိုက် ဒေသတွင်းရှိ အခြေခံအဆင့် လူငယ်မောင်မယ်ကစားသမားဦးရေ ၁၅၀ မှ ၂၀၀ ခန့်အထိ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ပြီးခဲ့သည့် မေ ၂၃ ရက်ကလည်း ရန်ကုန်မြို့၊ သုဝဏ္ဏကွင်း၌ AFC Grassroots Football Day 2026 အခမ်းအနားကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ၊ အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် အလုပ်အမှုဆောင်များ၊ နည်းပြဆရာများ၊ လူငယ်လက်ရွေးစင်များနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

AFC Grassroots Football Day အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံရှိ မြို့ကြီးများတွင် Football Festival များ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းသည် အခြေခံအဆင့် လူငယ်ဘောလုံးလောက ပိုမိုကျယ်ပြန့်လာစေရန်နှင့် အနာဂတ်မြန်မာ့ဘောလုံးလောကအတွက် မျိုးဆက်သစ်အုတ်မြစ်ကောင်းများ ချမှတ်ပေးနိုင်ခဲ့သည့် ထူးခြားသောအစီအစဉ်တစ်ရပ် ဖြစ်ပါသည်။

(NGB)



# ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်စဉ် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်အတွင်းရှိ အိမ်ရာများ၊ ဧက ၆၀၀၀ ကျော်၊ ပညာရေးဝန်ထမ်းအိမ်ရာများတွင် ဓာတ်အားယာယီပြတ်တောက်မည်

နေပြည်တော် မေ ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင် သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မေ ၂၉ ရက်တွင် ခွဲရုံအမှတ်(၁၃) ရှိ ၁၁ ကေဗွီ ဖီဒါ (၃) ဓာတ်အားလိုင်းအား နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ထိန်းသိမ်းပြုပြင်ခြင်း ဆောင်ရွက်မည်ဖြစ်သဖြင့် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်အတွင်းရှိ အိမ်ရာများ၊ ဧက ၆၀၀၀ ကျော်၊ ပညာရေးဝန်ထမ်းအိမ်ရာများတွင်ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ အများပြည်သူများအား ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

■